# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# ပဉ္စမပုံမှန်အစည်းအဝေး

# (၂၅) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၆ | (က) ဧရာဝတီတိုင်းဒေသကြီး၊ အသုတ်မြို့မှ ရခိုင်ပြည်နယ်၊ ဂွမြို့သို့ သွယ်တန်းသော လျှပ်စစ်ဓာတ်အားခွဲရုံ 66/11 KVA 5 MVA မှ မည်သည့်အချိန်တွင် စတင်မီးလင်းမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၅ |
| ၇ | (ခ) သာစည်မြို့နယ်၊ ဟံဇားကျေးရွာရှိ 33/11 kV 1250 KVA ထရန်စဖော်မာအား 33/11 kV, 5 MVA ဓာတ်အားခွဲရုံအဖြစ် တိုးမြှင့်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၈ | (ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ဝယ်ယူထားသော တောင်သူများ လယ်ယာလုပ်ငန်းခွင် လုပ်ကိုင်ရန်အတွက် လိုအပ်သော ငွေရေးကြေးရေး အဆင်ပြေစေရန် သက်ဆိုင်ရာကျေးရွာရှိ လယ်/စီအဖွဲ့၏ ထောက်ခံချက်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ဝယ်ထားသူ၏ နာမည်ဖြင့် စိုက်ပျိုးစရိတ် ချေးငွေထုတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၀ |
| ၉ | (ဃ) မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုအဖွဲ့နှင့် ယခုဗဟိုကော်မတီအဖွဲ့တို့မှ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့် အသုံးပြုခွင့်များ ဧကပေါင်းမည်မျှပေးထားသည်ကို သိလိုခြင်း၊ လုပ်ပိုင်ခွင့် အသုံးပြုခွင့်ရရှိသူများထံမှ အာမခံကြေးများ အပြည့်အဝရရှိခြင်းရှိ/မရှိနှင့် သီးနှံအမျိုးအစား၊ လုပ်ငန်းအမျိုးအစားအလိုက် မြေခွန်ကင်းလွတ်ခွင့်ကာလကုန်ဆုံးသည့်နေ့မှစ၍ မြေခွန်များ နှစ်စဉ်ကောက်ခံခြင်းများ ရှိ/မရှိ သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၅ |

| | | |
|---|---|---|
| ၁၀ | (င) ကျောက်တော်မြို့နယ်ရှိ နိုင်ငံ့ဘဏ္ဍာငွေ ဘီလီယံပေါင်းများစွာ အကုန်ကျခံ တည်ဆောက်ထားသည့် ရေလှောင်တာတမံကြီးများအား နိုင်ငံ့အကျိုးပြု၊ ပြည်သူ့အကျိုးပြုနိုင်ရေးအတွက် မည်သို့မည်ပုံစီစဉ် ဆောင်ရွက်ထားကြောင်း သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၁ |
| ၁၁ | (စ) ရေချိုရရှိရန် ခက်ခဲသည့် ပင်လယ်နှင့်နီးစပ်နေသော ကျေးရွာများ အတွက် စက်တပ်ရေနက်တွင်းကြီးများ တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၆ |
| ၁၂ | (ဆ) ရသေ့တောင်မြို့နယ်၊ ကျီးကျွန်းတာတမံအား တာပုံစံကျ ပြုပြင်ခြင်းလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် စက်ယန္တရားများဖြင့် စနစ်တကျ ပံ့ဖော်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၃၀ |
| ၁၃ | (ဇ) မြင်းခြံမြို့နယ်၊ ဘိုးဘွားပိုင်မြေကွက် အမှတ်(၇) ရပ်ကွက်၊ အကွက်အမှတ်(၁၉)၊ ကွေ့ကြီးအရှေ့၊ ဦးပိုင်အမှတ်(၂၀)၊ ဧရိယာ(၀.၆၂) ဧကပေါ်ရှိ နှစ်ထပ်တိုက်နှင့် ဂိုဒေါင်အဆောက်အအုံကို မူလပိုင်ရှင် များထံသို့ ပြန်လည်လွှဲပြောင်းပေးမည့် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃၄ |
| ၁၄ | ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၃၈ |
| ၁၅ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ရေနံနှင့် ရေနံထွက် ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်း နှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း | ၄၄ |
| ၁၆ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ရေနံနှင့်ရေနံထွက် ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း | ၄၉ |
| ၁၇ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၅) ရက် မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၆) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၅၁ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၂၅)ရက်မြောက်နေ့ အစီအစဉ်

# [ ၃-၇-၂၀၁၇ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးမြင့်ဝေ၊ ဂွ မဲဆန္ဒနယ်၏ **ဧရာဝတီတိုင်းဒေသကြီး၊ အသုတ်မြို့မှ ရခိုင်ပြည်နယ်၊ ဂွမြို့သို့ သွယ်တန်းသော လျှပ်စစ်ဓာတ်အားခွဲရုံ 66/11 KVA(5)MVAမှ မည်သည့်အချိန်တွင် စတင်မီးလင်း မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ **သာစည်မြို့နယ်၊ ဟံဇားကျေးရွာရှိ (33/11) KV, (1250)KVA ထရန်စဖော်မာအား (33/11) KV, (5)MVA ဓာတ်အားခွဲရုံအဖြစ် တိုးမြှင့်တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၏ **လယ်ယာမြေလုပ်ပိုင်ခွင့်ကို ဝယ်ယူထားသော တောင်သူများလယ်ယာလုပ်ငန်းခွင် လုပ်ကိုင်ရန် အတွက်လိုအပ်သော ငွေရေးကြေးရေး အဆင်ပြေစေရန် သက်ဆိုင်ရာ ကျေးရွာရှိ လယ်စီ အဖွဲ့၏ ထောက်ခံချက်ဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ် ဝယ်ထားသူ၏ နာမည်ဖြင့် စိုက်ပျိုးစရိတ် ချေးငွေထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးသိန်းထွန်း၊ သာပေါင်း မဲဆန္ဒနယ်၏ **မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့နှင့် ယခုဗဟိုကော်မတီအဖွဲ့တို့မှ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့် အသုံးပြုခွင့်များ ဧကပေါင်း မည်မျှပေးထားသည်ကို သိလိုခြင်း၊ လုပ်ပိုင်ခွင့် အသုံးပြုခွင့်ရရှိသူများထံမှ အာမခံကြေးများ အပြည့်အဝရရှိခြင်း ရှိ၊ မရှိ နှင့် သီးနှံအမျိုးအစား၊ လုပ်ငန်းအမျိုးအစား အလိုက် မြေခွန်ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးသည့်နေ့မှစ၍ မြေခွန်များ နှစ်စဉ်ကောက်ခံရရှိခြင်းများ ရှိ၊ မရှိ သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဦးထွန်းဝင်း၊ ကျောက်တော် မဲဆန္ဒနယ်၏ **ကျောက်တော်မြို့နယ်ရှိ နိုင်ငံ့ဘဏ္ဍာငွေ ဘီလီယံပေါင်းများစွာ အကုန်ကျခံ တည်ဆောက် ထားသည့် ရေလှောင်တာတမံကြီးများအား နိုင်ငံ့အကျိုးပြု၊ ပြည်သူ့ အကျိုးပြုနိုင်ရေးအတွက် မည်သို့မည်ပုံ စီစဉ်ဆောင်ရွက်ထားကြောင်း သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်၏ **ရေချိုရရှိရန် ခက်ခဲသည့် ပင်လယ်နှင့် နီးစပ်နေသော ကျေးရွာများအတွက် စက်တပ်ရေနက် တွင်းကြီးများ တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ရသေ့တောင်မြို့နယ်၊ ကျီးကျွန်းတာတမံအား တာပုံစံကျ ပြုပြင်ခြင်းလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် စက်ယန္တရားများဖြင့် စနစ်တကျ ပုံဖော်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးသက်လွင်(ခ) ဦးပေါခင်၊ မြင်းခြံ မဲဆန္ဒနယ်၏ **မြင်းခြံမြို့နယ်၊ ဘိုးဘွားပိုင်မြေကွက် အမှတ်(၇)ရပ်ကွက်၊ အကွက်အမှတ်(၁၉)၊ ကွေ့ကြီးအရှေ့၊ ဦးပိုင်အမှတ်(၂၀)၊ ဧရိယာ(၀.၆၂)ဧက ပေါ်ရှိ နှစ်ထပ်တိုက်နှင့် ဂိုဒေါင်အဆောက်အအုံကို မူလပိုင်ရှင်များထံသို့ ပြန်လည်လွှဲပြောင်းပေးမည့် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၊

(ခ) ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်၊

၇။ ပြည်သူ့လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော **"ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
## (၂၅)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်
## (၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၉၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၇၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၉ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၂) မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် ခွင့် ၁ ရက်၊

(၃) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို ခွင့် ၁ ရက်၊

(၄) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊

(၅) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊

(၆) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ် ခွင့် ၁ ရက်၊

(၇) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၂ ရက်၊

(၈) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၁ ရက်၊

(၉) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်ဖူး(ခ)မြင့်ဆွေ ခွင့် ၁ ရက်၊

(၁၀) မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၁) ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ခွင့် ၁ ရက်၊

(၁၂) ရွှေတောင်မဲဆန္ဒယ်မှ ဒေါ်မြခွာညိုဦး ခွင့် ၅ ရက်၊

(၁၃) ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း ခွင့် ၅ ရက်၊

(၁၄) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၁ ရက်၊

(၁၅) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၅ ရက်၊

(၁၆) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၄ ရက်၊

(၁၇) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၂ ရက်၊

(၁၈) အမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမောင် ခွင့် ၂ ရက်၊

(၁၉) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလှိုင်ထွန်း ခွင့် ၅ ရက်၊

(၂၀) ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ခွင့် ၅ ရက်၊

(၂၁) ကလေးဝမဲဆန္ဒနယ်မှ ဦးသန်းထွန်းမြင့် ခွင့် ၂ ရက်၊

(၂၂) တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း ခွင့် ၃ ရက်၊

(၂၃) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၅ ရက်၊

(၂၄) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး ခွင့် ၃ ရက်၊

(၂၅) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး ခွင့် ၅ ရက်၊

(၂၆) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၁ ရက်၊

(၂၇) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် ခွင့် ၁ ရက်၊

(၂၈) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၁ ရက်၊

(၂၉) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ခွင့် ၁ ရက်၊

(၃၀) သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်း ခွင့် ၁ ရက်၊

(၃၁) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်း ခွင့် ၁၂ ရက်၊

(၃၂) တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း ခွင့် ၁ ရက်နှင့်

(၃၃) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ၁ ခွင့်ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၃ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၃ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၃၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်ခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ အသုတ်မြို့မှ ရခိုင်ပြည်နယ်၊ ဂွမြို့သို့ သွယ်တန်းသော လျှပ်စစ်ဓာတ်အားခွဲရုံ 66/11 KVA 5 MVA မှ မည်သည့်အချိန်တွင် စတင်မီးလင်းမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဝေ(ဂွမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဝေ ဖြစ်ပါတယ်။ ဒီနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၂၅)ရက်မြောက်နေ့မှာ ဧရာဝတီတိုင်းဒေသကြီး၊ အသုတ်မြို့မှ ရခိုင်ပြည်နယ်၊ ဂွမြို့သို့ သွယ်တန်းသော လျှပ်စစ်ဓာတ်အားခွဲရုံ ၆၆/၁၁ ကေဗွီအေ ၅ အမ်ဗွီအေမှ မည်သည့်အချိန်တွင် စတင်မီးလင်းမည်ကို သိလိုပါသဖြင့် ပြည်သူများ ကိုယ်စား မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရခိုင်ပြည်နယ်၊ ဂွမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ခုနှစ် ပြည်ထောင်စုအစိုးရဘဏ္ဍာရန်ပုံငွေမှ ကျခံကာ ၆၆/၁၁ ကေဗွီအေ ၅ အမ်ဗွီအေ ပမာဏရှိသော ဓာတ်အားခွဲရုံကို တည်ဆောက်ပြီးဖြစ်ပါတယ်။ ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းကို ပြည်နယ်အစိုးရဘဏ္ဍာရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ်မှစပြီး ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဖြန့်ဖြူးပေးနိုင်ပါရန် ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဓာတ်အားဖြန့်ဖြူးရန် အဆင်သင့်ဆောင်ရွက်ထားရှိပြီး ကျေးရွာများအား။ Power Point ဖြင့် ပြသရန် ခွင့်ပြုပေးပါခင်ဗျား။ ကျေးရွာပေါင်း ၁၁ ရွာ၊ အိမ်ခြေပေါင်း ၁၃၇၇ အိမ်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ် ဓာတ်အားဖြန့်ဖြူးရန် အဆင်သင့်ဆောင်ရွက်ထားရှိပြီး ကျေးရွာများ၊ ကျေးရွာပေါင်းရှစ်ရွာ၊ အိမ်ခြေ ၁၁၀၀ ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဓာတ်အားဖြန့်ဖြူးရန် အဆင်သင့်ထားရှိပြီး ကျေးရွာများအား Power Point ဖြင့် ပြသပါမယ်။ ကျေးရွာပေါင်း ၁၄ ရွာ၊ အိမ်ခြေ ၄၀၇၉ အိမ်ဖြစ်ပါတယ်။ စုစုပေါင်းကျေးရွာပေါင်း ၃၃ ရွာ၊ အိမ်ခြေ ၆၅၅၉ အိမ်ရှိပါတယ်။ ၂၀၁၆ ခုနှစ် မတ်လတွင် မီးလင်းမည်ဟု သိထားရပြီး

ယနေ့အချိန်အထိ မီးလင်းနိုင်မှုမရှိသေး ဖြစ်နေပါတယ်။ လက်ရှိအခြေအနေမှာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး(ဂွမြို့)နှင့် မြို့မီးလင်းရေးအဖွဲ့တို့ ပူးပေါင်းပြီး ဒီဇယ်အင်ဂျင်စက်များဖြစ်သော ၂၅၀ ကေဗွီအေတစ်လုံး၊ ၃၁၅ ကေဗွီအေတစ်လုံး၊ ၅၀၀ ကေဗွီအေတစ်လုံး စုစုပေါင်း ဒီဇယ်အင်ဂျင်စက် သုံးလုံးဖြင့် မောင်းနှင်၍ ဂွမြို့ပေါ် သုံးရပ်ကွက်အား မီးလင်းပေးလျက်ရှိပါတယ်။ ဓာတ်အားဖြန့်ဖြူးရာ တွင် တစ်နေ့လျှင် နံနက် ၅ နာရီမှ ၆ နာရီထိတစ်ကြိမ်၊ နံနက် ၇ နာရီမှ ၁၁ နာရီအထိတစ်ကြိမ်၊ ညနေ ၁၅း၃၀ နာရီမှ ၂၃ နာရီအထိတစ်ကြိမ် စုစုပေါင်းသုံးကြိမ် တစ်ရက်လျှင် ၁၂ နာရီခွဲအထိ ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဧရာဝတီတိုင်းဒေသကြီး၊ အသုတ်မြို့မှ ရခိုင်ပြည်နယ်၊ ဂွမြို့သို့ သွယ်တန်းသော လျှပ်စစ်ဓာတ်အားခွဲရုံ ၆၆/၁၁ ကေဗွီအေ ၅ အမ်ဗွီအေမှ မည်သည့်အချိန် တွင် စတင်ပြီး ဂွမြို့သို့ မီးလင်းပေးမည်ကို ပြည်သူများက သိလိုပါသဖြင့် ပြည်သူများကိုယ်စား မေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဝေ မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်၊ ဂွမြို့သို့ လျှပ်စစ်ဓာတ်အားပေးနိုင်ရန် အတွက် အသုတ်မြို့ရှိ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံမှ ၆၆ ကေဗွီ အသုတ်-ဂွ ဓာတ်အားလိုင်း ၅၄.၆၆ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ စီမံကိန်းတစ်ခုလုံးအတွက် စုစုပေါင်း ကုန်ကျစရိတ်ကျပ်သန်းပေါင်း ၁၁၁၈၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။ ထိုသို့ တည်ဆောက်ရာမှာ ငသိုင်းချောင်း မြို့နယ်၊ ဝေန်မြစ်ကျော် ဓာတ်အားလိုင်းကြိုးဆွဲလုပ်ငန်းဆောင်ရွက်ရာမှာ ဒေသခံများရဲ့ ကန့်ကွက်မှု များကြောင့် အနည်းငယ်နှောင့်နှေးကြန့်ကြာခဲ့ရတာ ဖြစ်ပါတယ်။ ယခုအခါမှာ ဧရာဝတီတိုင်းဒေသကြီး

အစိုးရမှ ညှိနှိုင်းဆောင်ရွက်ပေးမှုကြောင့် မြစ်ကျော်ကြိုးဆွဲခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ပြီး ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းတည်ဆောက်ရေးလုပ်ငန်းများမှာ ၁၀၀ ရာခိုင်နှုန်းပြီးစီးသွားခဲ့ပြီဖြစ်ကာ ၃၀-၆-၂၀၁၇ ရက်နေ့ နံနက် ၀၈ နာရီ ၃၂ မိနစ်တွင် ဂွမြို့အတွင်းရှိ ၆၆/၁၁ ကေဗွီ ဓာတ်အားခွဲရုံအား ဓာတ်အားပို့လွှတ်ထားပြီး ၁၁ ကေဗွီဓာတ်အားလိုင်းများကိုလည်း ဓာတ်အားပို့လွှတ်ထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမြင့်ဝေ(ဂွမဲဆန္ဒနယ်)**။ ။ ဝန်ကြီးဖြေကြားသွားချက်အရ ဂွမြို့နယ်ထဲမှာ ၃၀ ရက်နေ့ကပဲ မီးလင်းသွားပြီလို့ သိရတဲ့အတွက် ဒေသခံတွေလည်း ဝမ်းသာပျော်ရွှင်နေကြပါတယ်။ ကျွန်တော်လည်းပဲ ဒေသခံတွေနဲ့ထပ်တူ ဝမ်းသာပျော်ရွှင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က ထပ်ဆင့်မေးခွန်းမေးချင်တာက Power Point နဲ့လည်း ကျွန်တော် စောစောကလည်း တင်ပြသွားပါတယ်။ ကျေးရွာပေါင်း ၃၃ ရွာ၊ အိမ်ခြေပေါင်း ၆၅၅၆ အိမ်ကို အဆင်သင့်ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ အခုလက်ရှိ မီးလင်းတာကတော့ ဂွမြို့ပေါ်သုံးရပ်ကွက်နဲ့ ရဟိုင်ကွင်းရယ်၊ ရဟိုင်ဖျားရယ်။ မြို့ပေါ်သုံးရပ်ကွက်နဲ့ ကျေးရွာနှစ်ရွာ မီးလင်းတာဖြစ်ပြီးတော့ အိမ်ခြေပေါင်းအားဖြင့် ၁၄၅၇ အိမ်လောက် မီးလင်းပါတယ်။ ကျန်တဲ့အိမ်များက ဘယ်အချိန်မှာ မီးလင်းမလဲသိလိုပါတယ်။ နောက်တစ်ချက်က ဂွတစ်မြို့နယ်လုံး ဂွရဲ့ဟိုဘက်ခြမ်း ကျန်တလီဘက်ခြမ်းကဆိုလို့ရှိရင်လည်း ဂွမြို့က တောင်နဲ့မြောက်သွယ်တန်းပြီးတော့ အရှည်လိုက်ရှိပြီး လမ်းတစ်လျှောက်လုံးမှာ ကျေးရွာကြီးတွေဖြစ်တဲ့အတွက်ကြောင့် အထက်တန်းကျောင်းတွေလည်းရှိပါတယ်။ အလယ်တန်းကျောင်းတွေလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ဂွတစ်မြို့နယ်လုံးကိုတော့ မည်သည့်အချိန်မှာ မီးလင်းနိုင်မလဲ။ ထပ်ဆင့် သိလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ ကျေးရွာအသီးသီးက ၎င်းတို့ရဲ့ ကျေးရွာများအတွင်းမှာ လျှပ်စစ်ဓာတ်အားရရှိရန်အတွက်ဆိုရင် ကျေးရွာတစ်ရွာချင်းက နေပြီးတော့ ဓာတ်အားဆက်သွယ်ခွင့်တွေအားလုံးကို ကျွန်တော်တို့ ဝန်ကြီးဌာနကို တင်ပြလျှောက်ထားတဲ့ Procedure တွေအားလုံး၊ သတ်မှတ်ထားတဲ့လုပ်ထုံးလုပ်နည်းများအားလုံးနဲ့ ကိုက်ညီပြီးစီးဖို့ လိုအပ်ပါတယ်။ ဒါ တစ်အချက်ပါ။ ဒုတိယအချက်ကတော့ ကျေးရွာများအသီးသီးမှာ တည်ဆောက်ထားတဲ့ ဓာတ်အားလိုင်းစနစ်များရဲ့ လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်းကို စက်မှုဝန်ကြီးဌာနရဲ့

လက်အောက်မှာရှိတဲ့ လျှပ်စစ်စမ်းသပ်စစ်ဆေးရေးဌာနက အန္တရာယ်ကင်းရှင်းကြောင်းဆိုတဲ့ Certificate ရရှိအောင် ရယူထားဖို့ လိုပါတယ်။ အဆိုပါအချက်အလက်များ ပြီးပြည့်စုံပြီဆိုရင် လျှပ်စစ်ဓာတ်အားကို ကျွန်တော်တို့ ပို့လွှတ်ပေးနိုင်တဲ့အချိန် ဖြစ်ပါတယ်။ နောက် အိမ်ခြေများအနေနဲ့ လျှပ်စစ်ဓာတ်အားရရှိဖို့ဆိုရင်တော့ မီးသုံးစွဲမယ့်အိမ် တစ်ဦးချင်းစီကနေပြီး အိမ်သုံးမီတာများ လျှောက်ထားရမယ့်အဆင့်ကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဆိုပါအိမ်သုံးမီတာများ လျှောက်ထားရတဲ့အဆင့်များ ပြီးပြည့်စုံလို့ရှိရင် အိမ်သုံးမီတာများကို တပ်ဆင်ပေးသွားတဲ့အခါမှာ လျှောက်ထားတဲ့အိမ်တွေကတော့ လျှပ်စစ်ရရှိသွားမှာဖြစ်ပါတယ်ဆိုတဲ့အကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**သာစည်မြို့နယ်၊ ဟံဇားကျေးရွာရှိ 33/11 kV 1250 KVA ထရန်စဖော်မာအား 33/11 kV, 5 MVA ဓာတ်အားခွဲရုံအဖြစ် တိုးမြှင့်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ သာစည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် သာစည်မြို့နယ်၊ ဟံဇားကျေးရွာရှိ 33/11 kV, 5 MVA ထရန်စဖော်မာအိုး လဲလှယ်ပေးနိုင်ရေးကိစ္စကို မေးမြန်းမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သာစည်မြို့နယ်၊ ဟံဇားကျေးရွာဟာ လျှပ်စစ်ဓာတ်အားကို သာစည်မြို့နယ်ရှိ ဓာတ်အားခွဲရုံမှ ရယူကာ 33/11 KV 1250 KVA ထရန်စဖော်မာနှစ်လုံးဖြင့် ဟံဇားကျေးရွာနှင့် အနီးဝန်းကျင်ရှိကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဝေသုံးစွဲလျက်ရှိပါတယ်။ ယခုတပ်ဆင်အသုံးပြုနေသော 1250 KVA ထရန်စဖော်မာနှစ်လုံးမှာ အမျိုးအစားတူမဟုတ်သည့်အတွက် ချိတ်ဆက်အသုံးပြုနိုင်ခြင်းမရှိပါ။ ယခုအခါ မီးမရရှိသေးသော ပတ်ဝန်းကျင်ရွာများမှာ ကိုယ့်အားကိုယ်ကိုးမီးလင်းရေးဆောင်ရွက်ရာတွင် ဟံဇားကျေးရွာမှတစ်ဆင့် လျှပ်စစ်ဓာတ်အားချိတ်ဆက်အသုံးပြုရမှာ ဖြစ်ပါတယ်။ ထိုသို့ တိုးချဲ့တပ်ဆင်ပါက လက်ရှိအသုံးပြုနေတဲ့ 1250 KVA ထရန်စဖော်မာနှစ်လုံးမှာ လျှပ်စစ်ဓာတ်အားမနိုင်မနင်းဖြစ်လာနိုင်သောကြောင့် အဆိုပါ ထရန်စဖော်မာများအစား 33/11KVA 5 MVA ဓာတ်အားခွဲရုံ တည်ဆောက်ပေးပါက လျှပ်စစ်ဓာတ်အားလုံလောက်စွာ ရယူသုံးစွဲနိုင်မှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ဟံဇားကျေးရွာအတွက် လိုအပ်သော 33/11 KV 5 MVA လျှပ်စစ်ဓာတ်အားခွဲရုံအား တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကို ဒေသခံမိဘပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်ကပဲ ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ဟံဇားကျေးရွာရှိ 33/11 kV 1250 KVA ဟံဇားဓာတ်အားခွဲရုံအား ၁၉၉၆ ခုနှစ်က တည်ဆောက်ခဲ့တာဖြစ်ပြီး ဟံဇားနှင့်ဝမ်းသာကျေးရွာများသို့ ဓာတ်အားခွဲပေးထားတာဖြစ်ပါတယ်။ ၁၂-၅-၂၀၁၆ ရက်နေ့မှာ 1250 KVA ထရန်စဖော်မာတစ်လုံး ထပ်မံတိုးချဲ့တပ်ဆင်ခဲ့တာဖြစ်တဲ့အတွက်ကြောင့် စုစုပေါင်းနှစ်လုံးဖြစ်ခဲ့တာ ဖြစ်ပါတယ်။ အဆိုပါနှစ်လုံးကနေပြီး တစ်လုံးစီကနေ သီးခြားရွာများကို ဓာတ်အားပေးထားတာဖြစ်ပါတယ်။ သိမ်ရွာနှင့် ကျောက်ပနားကျေးရွာများကိုလည်း တိုးချဲ့ဓာတ်အားပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ ၁၁ ကေဗွီ ဟံဇား-ဝမ်းသာဓာတ်အားလိုင်းမှ ဟံဇားကျေးရွာမှာ ထရန်စဖော်မာလေးလုံး၊ ဝမ်းသာကျေးရွာမှာ ထရန်စဖော်မာနှစ်လုံး၊ သိမ်ရွာကျေးရွာမှာ ထရန်စဖော်မာတစ်လုံး၊ ကျောက်ပနားကျေးရွာမှာ ထရန်စဖော်မာတစ်လုံး စုစုပေါင်းရှစ်လုံးနဲ့ ဓာတ်အားရယူသုံးစွဲနေတာဖြစ်ပါတယ်။

ဟံဇားဓာတ်အားခွဲရုံအနီးရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ကိုယ်ထူကိုယ်ထစနစ်နဲ့ ကျေးရွာလျှပ်စစ်မီးလင်းရေးဆောင်ရွက်ပြီးတော့ လျှပ်စစ်ဓာတ်အားချိတ်ပြီး အသုံးပြုလာဖို့ တောင်းခံလာလို့ရှိရင် ဝန်အားတွေဒီထက်တိုးပွားလာမှာဖြစ်တဲ့အတွက်ကြောင့် နိုင်နင်းစွာပေးနိုင်ရန်အတွက် လက်ရှိ ၃၃/၁၁ ကေဗွီ၊ ၁၂၅၀ ကေဗွီအေ ထရန်စဖော်မာနှစ်လုံးရဲ့နေရာမှာ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ထရန်စဖော်မာဖြင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စု

ဘဏ္ဍာရန်ပုံငွေမှာ လျာထားတောင်းခံပြီး ဘဏ္ဍာငွေရရှိပါက တည်ဆောက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**လယ်ယာမြေလုပ်ပိုင်ခွင့်ကို ဝယ်ယူထားသော တောင်သူများ လယ်ယာလုပ်ငန်းခွင် လုပ်ကိုင်ရန်အတွက် လိုအပ်သော ငွေရေးကြေးရေးအဆင်ပြေစေရန် သက်ဆိုင်ရာကျေးရွာရှိ လယ်/စီအဖွဲ့၏ထောက်ခံချက်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ဝယ်ထားသူ၏ နာမည်ဖြင့် စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ဝယ်ယူထားသော တောင်သူများ၊ လယ်ယာလုပ်ငန်းခွင့် လုပ်ကိုင်ရန်အတွက် လိုအပ်သောငွေရေးကြေးရေးအဆင်ပြေစေရန် သက်ဆိုင်ရာကျေးရွာရှိ လယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီရဲ့ ထောက်ခံချက်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ဝယ်ထားသူရဲ့ နာမည်ဖြင့်စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးရန် အစီအစဉ်ရှိ/မရှိ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မေးခွန်းမေးမြန်းရတဲ့ အကြောင်းအရင်းကို တင်ပြလိုပါတယ်ရှင်။ ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၁) လယ်ယာမြေဥပဒေအခန်း(၄)၊ ပုဒ်မ ၁၂ အပိုဒ်ခွဲ(ဂ) အရလည်းကောင်း၊ လယ်ယာမြေဥပဒေ အခန်း(၆) ပုဒ်မ ၁၈ အရလည်းကောင်း၊ လယ်ယာမြေဥပဒေရဲ့ နည်းဥပဒေ ၂၄ နည်းဥပဒေခွဲ(က)အရ လည်းကောင်း၊ လယ်သမားများဟာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းတို့ကို ပြုလုပ်နိုင်ကြောင်း လယ်ယာမြေဥပဒေရော၊ နည်းဥပဒေကပါ ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီလိုပြဋ္ဌာန်းပြီးဖြစ်ပေမဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချတဲ့အခါမှာဖြစ်ဖြစ်၊ လဲလှယ်ပေးကမ်းတဲ့အခါမှာပဲဖြစ်ဖြစ် တစ်ပါတည်းပေးလိုက်တဲ့ မူလလယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ-၇ ကို လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူရဲ့ အမည်ပြောင်းလဲပြီး လုပ်ဆောင်ခွင့်မရရှိတာတွေ ဖြစ်နေပါတယ်။ ဒါကြောင့် တောင်သူလယ်သမားတွေဟာ ပုံစံ-၇ သာလက်ဝယ်ရှိနေတယ်။ မူလလယ်ယာမြေလုပ်ပိုင်ခွင့်ရှိသူရဲ့ နာမည်ပဲဖြစ်နေတာကြောင့် စိုက်ပျိုးစရိတ်ချေးငွေထုတ်ယူရာမှာ ထုတ်ယူခွင့်မရရှိဘဲ မူလနာမည်ပေါက်သူ ထုတ်ယူပြီးမှသာ ရရှိနေတဲ့အခြေအနေ ဖြစ်နေပါတယ်။ ဒါပေမဲ့ ချေးငွေထုတ်ချေးတဲ့အခါမှာ မူလနာမည်ပေါက်တဲ့သူဟာ ခရီးလွန်နေတာတွေ အခြားဒေသသို့ပြောင်းရွှေ့သွားတာမျိုးတွေရှိပြီး အခြားအကြောင်းအမျိုးမျိုးကြောင့် ချေးငွေလိုက်ထုတ်ပေးနိုင်ခြင်းမရှိတဲ့အခါမှာ မူလလယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ကို ကိုင်ထားပြီး ချေးငွေထုတ်ယူခွင့်မရသော အခက်အခဲများတွေ့ကြုံနေရပါတယ်။ ဒါကြောင့် ဝယ်ယူထားသူများနှင့် လဲလှယ်ပေးကမ်းခြင်းခံရသူများဟာ လယ်ယာမြေလုပ်ကိုင်ခွင့်ရရှိသူအမည် ပြောင်းချင်ကြပါတယ်။ ဒါပေမဲ့ လယ်ယာမြေလုပ်ကိုင်ခွင့်ရရှိသူအမည်ပြောင်းလဲပေးရေးအတွက် လယ်ယာမြေကို လွှဲပြောင်းခြင်း၊ ရောင်းချခြင်းအတွက် စာချုပ်ချုပ်ဆိုပြီး သက်ဆိုင်ရာမြို့နယ် မြေစာရင်းဦးစီးဌာနမှာ မှတ်ပုံတင်ပြီးမှ ပုံစံ (၇)ထုတ်ပေးမှာဖြစ်ကြောင်း သိရပါတယ်။ အဲ့လိုမှတ်ပုံတင်ရန်အတွက်လည်း လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ဒေသန္တရအခြေအနေအရ ဆီလျော်တဲ့ဈေးနှုန်းသတ်မှတ်ပေးပြီး သတ်မှတ်ပေးတဲ့ တန်ဖိုးအပေါ် ထိုက်သင့်တဲ့အခွန်တံဆိပ်ခေါင်းအား ထမ်းဆောင်ရမည်ဖြစ်ပြီး အခွန်ထမ်းဆောင်ပြီးမှသာ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအမည်ပြောင်းလဲနိုင်မည်ဖြစ်ကြောင်း ပြောကြားပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အခုအချိန်အထိ လယ်ယာမြေလုပ်ပိုင်ခွင့်ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လဲလှယ်ခြင်းတို့အတွက် ထမ်းဆောင်ရမည့် တံဆိပ်ခေါင်းခွန်တန်ဖိုးများကို သတ်မှတ်နိုင်ရေး ညှိနှိုင်းမှုမှာ မပြီးပြတ်ဖြစ်နေသေးသည်ကို တွေ့မြင်ရပြီး လယ်သမားတွေမှာ အခက်ကြုံနေရပါတယ်။ ၂၀၁၇ ခုနှစ်၊ မေလ ၂၄ ရက် ရက်စွဲပါ ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့မှ ညွှန်ကြားချက်အမှတ်(၁/၂၀၁၇) တွင် အမွေဆက်ခံခြင်း၊ မြေယာပြုပြင်ပြောင်းလဲခြင်းကိစ္စရပ်များအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိပြီးသော ဦးပိုင်များအား ခွဲစိတ်ခွင့်၊ ပေါင်းစပ်ခွင့်တို့အား ပြုပြင်ပြောင်းလဲဆောင်ရွက်ခြင်းဆိုင်ရာ နည်းလမ်းညွှန်ကြားချက်များသာ ပါရှိပါတယ်။ မြေပြင်မှာဖြစ်ပေါ်နေတဲ့ အနေအထားတွေကတော့ ဝယ်ယူထားမှုတွေနဲ့ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းခံရသူများဟာ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ အမည်ပြောင်းလဲပေးရန်အတွက် တစ်ဧကကို ၇၀၀၀၀ မှ ၁၅၀၀၀၀ နှုန်းအထိပေးရပြီး လုပ်ဆောင်ရခြင်းများ

ရှိကြသလို လယ်မရှိဘဲ စိုက်ပျိုးစရိတ်ချေးရန်နဲ့ အရှုပ်အရှင်းရှိနေတဲ့ လယ်ယာမြေပြဿနာများ မဖြေရှင်းနိုင်သေးခင် ပုံစံ(၇)တွင် ထွက်ရှိနေခြင်းကလည်း များစွာရှိလို့နေပါတယ်။ ဒါကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ အမည်ပြောင်းလဲပေးရန် အရောင်းအဝယ်စာချုပ်ချုပ်ရာတွင်လိုအပ်သော သက်ဆိုင်ရာ ဒေသန္တရပေါက်စျေးအပေါ်မှာ မူတည်ပြီး အခွန်သတ်မှတ်ခြင်းကို ယခုတိုင်မလုပ်ဆောင်ပေးခြင်းကလည်း အချို့သော ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မြေစာရင်းဦးစီးဌာနကို လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ အမည်ပြောင်းလဲပေးရေးအတွက် တောင်သူလယ်သမားများထံမှ တစ်ဧကကို နှုန်းဘယ်လောက်ဆိုတာ သတ်မှတ်ပြီးပေးစေဖို့ အခွင့်အရေးပေးနေသလို ဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) ကို အရပ်ကတိနဲ့ ရောင်းဝယ်ထားတာဖြစ်လို့ သက်ဆိုင်ရာကျေးရွာရှိ လယ်/စီအဖွဲ့ကလည်း လယ်ယာမြေလုပ်ပိုင်ခွင့် အပြောင်းအလဲကို သိရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် ဆင်းရဲတွင်းက ရုန်းမထွက်နိုင်ကြသေးတဲ့ တောင်သူလယ်သမားများ မလိုလားအပ်တဲ့ ငွေမကုန်စေရန်နှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ဝယ်ယူထားသော တောင်သူများရဲ့ ကြုံတွေ့နေရသော အခက်အခဲများကို ပြေလည်စေရန်အတွက် မြန်မာတစ်ပြည်လုံးရှိ တောင်သူများ၏ကိုယ်စားအထက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုရဲ့မေးခွန်းနှင့် စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးလှကျော်မှ ပြန်လည်ဖြေကြားပါမယ်။ ဒေါ်ချိုချိုမေးတဲ့မေးခွန်းမှာ အပိုင်းနှစ်ပိုင်းပါပါတယ်။ ပထမတစ်ပိုင်းကတော့ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုဝယ်ယူထားတဲ့ တောင်သူများအနေနဲ့ လယ်ယာလုပ်ငန်းခွင်လုပ်ကိုင်ဖို့အတွက် လိုအပ်တဲ့ ငွေရေးကြေးရေးအဆင်ပြေစေရေးနဲ့ ကျေးရွာရှိ လယ်/စီအဖွဲ့ရဲ့ ထောက်ခံချက်နဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ဝယ်ထားသူရဲ့နာမည်နဲ့ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မေးခွန်းက တစ်ပိုင်းဖြစ်ပါတယ်။

ဒီမေးခွန်းနှင့်စပ်လျဉ်းပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဟာ တောင်သူတွေ စိုက်ပျိုးလုပ်ကိုင်မှုမှာ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်တဲ့အရင်းအနှီးဖြစ်တဲ့ စိုက်ပျိုးစရိတ်ကို ချေးငွေတစ်ရပ်အနေနဲ့ ထုတ်ချေးပါတယ်။ ချေးငွေညွှန်ကြားစာပါ ငွေချေးစည်းကမ်းချက်တွေကို သက်ဆိုင်ရာမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းအင်းဦးစီးဌာနရဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ-၇ ရရှိပြီးသူတွေကိုထုတ်ချေးခြင်းလို့ သတ်မှတ်ထားပါတယ်။

သို့သော်လည်းပဲ အချို့ဒေသတွေမှာ ပုံစံ(၇) ထုတ်ပေးမှုလုပ်ငန်းပြီးပြတ်မှုမရှိသေးတဲ့ကိစ္စ၊ လယ်ယာမြေကို ရောင်းဝယ်မှုများပြုလုပ်တဲ့အခါမှာ ဝယ်ယူထားတဲ့ တောင်သူတွေအနေနဲ့ ၎င်းတို့ရဲ့အမည်ပေါက် နာမည်ပြောင်းလွှောက်ထားမှု ဆောင်ရွက်ဆဲနှင့် မဆောင်ရသေးတဲ့ အခြေအနေတွေတို့ကြောင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူလယ်သမားတွေလိုအပ်တဲ့ စိုက်ပျိုးစရိတ်ချေးငွေကို ချေးပေးနိုင်ဖို့အတွက်ကို စည်းကမ်းချက်အရ အကန့်အသတ်ရှိပါတယ်။ သို့သော်လည်းပဲ တောင်သူတွေစိုက်ပျိုးစရိတ်ချေးငွေရရှိရေးအတွက် လယ်သမားတွေအခက်အခဲ ကြုံတွေ့နေရတဲ့ဟာကို လတ်တလောဖြေလျှော့ပေးတဲ့အနေနဲ့ အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်နေတဲ့ တောင်သူလယ်သမားများ ချေးငွေရရှိနိုင်မှု အခွင့်အလမ်းမဆုံးရှုံးစေဖို့အတွက် လယ်ယာမြေပိုင်ဆိုင်မှုနှင့် ဧရိယာအတွက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ သီးနှံစိုက်ပျိုးမှုအတွက် စိုက်ပျိုးရေးဦးစီးဌာနကစိစစ်ပြီး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံချက်နဲ့ ရပ်ကွက်/ကျေးရွာအုပ်စုချေးငွေစိစစ်ရေးအဖွဲ့နှင့်စိစစ်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများ ထုတ်ချေးပေးခဲ့ပါတယ်။

လက်ရှိပြဋ္ဌာန်းထားတဲ့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်ပတ်သက်ပြီး အခန်း (၄) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ လိုက်နာရမည့်စည်းကမ်းများအပါအဝင် ပြဋ္ဌာန်းချက်ပါ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းကိစ္စရပ်များနှင့် အခြားလိုအပ်သည်များအား ခေတ်နှင့်လျော်ညီစွာ၊ လွယ်ကူစွာလိုက်နာဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေကို ပြင်ဆင်တဲ့ဥပဒေ(မူကြမ်း)ကို ပြုစုလျက်ရှိပါတယ်။ အဆိုပါမူကြမ်းကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကနေ ပြည်ထောင်စုလွှတ်တော်သို့လည်းပဲ ဆွေးနွေးအတည်ပြုပေးနိုင်ရန်အတွက် ပေးပို့ထားရှိပြီးဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေကို ပြင်ဆင်တဲ့ဥပဒေကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီးပါက လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်

ရရှိတဲ့သူတွေဟာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း နှင့် ပေးကမ်းခြင်းတို့ကို လွယ်ကူစွာ ဆောင်ရွက်သွားနိုင်မည့် လယ်ယာမြေအတွက် အခွန်တံဆိပ်ခေါင်း ပါကိစ္စရပ်များအပါအဝင် လိုအပ်တဲ့ပြဋ္ဌာန်းချက်တွေကို စီမံဆောင်ရွက်သွားနိုင်ပြီးတော့ နည်းဥပဒေ တွေနှင့် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို ထုတ်ပြန်ဆောင်ရွက်သွားနိုင်မည့်အခြေအနေ ဖြစ်ပါ ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးမြန်းလိုပါတယ်။ အခုလို ဖြေကြားပေးတဲ့ဝန်ကြီးကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။ ခုနက ဒုတိယဝန်ကြီးဖြေကြားတဲ့ အထဲမှာ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူတွေဟာ ချေးငွေထုတ်ချေး ဖို့ရန်အတွက် သက်ဆိုင်ရာလယ်/စီ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတွေရဲ့ထောက်ခံချက်နဲ့ ချေးငွေထုတ်ချေးခွင့်ရရှိတယ်လို့ ဒုတိယ ဝန်ကြီးဖြေကြားထားပေမဲ့ တကယ့်လက်တွေ့မြေပြင်အခြေအနေမှာတော့ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူတွေဟာ ချေးငွေထုတ်ချေးဖို့အတွက် အဲဒီလယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူတွေရဲ့ နာမည် ပြောင်းပြီးမှသာ ချေးငွေထုတ်ချေးခွင့်ရရှိလို့ ကျွန်မ ခုနတုန်းကပြောခဲ့သလို တစ်ဧကကို ကျပ် ၇၀၀၀၀ ကနေ ကျပ် ၁၅၀၀၀၀ နှုန်းအထိ ပေးရပြီးတော့မှ မိမိရဲ့နာမည်ပေါက်ရေးအတွက် လုပ်ဆောင်နေရတာ ဖြစ်ပါတယ်။ ဒါကြောင့် လက်တွေ့ မြေပြင်မှာ လယ်သမားတွေလက်တွေ့ကြုံနေရတဲ့ပြဿနာတွေကို ပြေလည်အောင်ဖြေရှင်းဖို့ ဘယ်လိုစီစဉ်ဆောင်ရွက်ထားပါသလဲ။ နောက်တစ်ခုကတော့ လယ်ယာမြေ လွှဲပြောင်းခြင်းနှင့်ပတ်သက်ပြီး အခွန်ဥပဒေအမြန်ဆုံးပေါ်ပေါက်ဖို့ ဝန်ကြီးဌာနအနေနဲ့ ခုနကတော့ ဖြေဆိုထားပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ မည်သည့်အချိန်မှာအမြန်ဆုံး ဒါကိုဆောင်ရွက်ပေးပါမလဲ ဆိုတာကို ဆက်စပ်မေးခွန်းအနေနဲ့ ထပ်မံပြီးမေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ကိစ္စရပ်က အောက်ခြေမှာ ဖွဲ့စည်းထားတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွေရဲ့တာဝန်ရှိမှုဖြစ်ပါတယ်။ ဒါနဲ့ပတ်သက် ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးပြောသလို အောက်ခြေမှာမလိုလားအပ်တဲ့ကိစ္စရပ်တွေ မဖြစ်နိုင်ဖို့အတွက် မိမိတို့ဝန်ကြီးဌာနအောက်မှာရှိတဲ့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီး

ဌာန၊ နောက်တစ်ခါ စိုက်ပျိုးရေးဦးစီးဌာနတို့ကို အသေအချာကြပ်မတ်ဆောင်ရွက်သွားနိုင်ဖို့အတွက် ညွှန်ကြားဆောင်ရွက်ပေးသွားနိုင်မယ့် အခြေအနေရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီမေးခွန်းက တောင်သူလယ်သမားတွေ ယနေ့ရင်ဆိုင်နေရတဲ့ တကယ့်အခက်အခဲနဲ့ပတ်သက်နေတဲ့မေးခွန်းဖြစ်ပါတယ်။ ခုနက ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ ရောင်းကြတယ်၊ ဝယ်ကြတယ်။ ဝယ်ပြီးလို့ရှိရင် ပုံစံ(၇)ကချက်ချင်းမရဘူး။ ချက်ချင်းမရတဲ့အခါမှာ ဒီချေးငွေကလည်း ဝယ်ထားတဲ့သူက တကယ်လုပ်တော့မယ့်လူက ချေးငွေမရဘူး။ ဒီအခက်အခဲရှိတယ်။ ဒီအခက်အခဲကိုလည်း ခုနကလိုဝယ်ပြီးတာမှန်ကန်တယ်။ တကယ်ဟိုဒင်းဖြစ်တယ်ဆိုရင်လည်း ဝန်ကြီးဌာနအနေနဲ့ စိုက်ပျိုးစရိတ်ချေးငွေရရှိဖို့ ကြိုးစားပေးစေချင်တယ်။ နောက်တစ်ချက်က အခုန ပုံစံ(၇)မရတဲ့အကြောင်းကလည်း အခုလိုပဲ တချို့ဝန်ထမ်းတွေက ငွေပေးငွေယူရှိနေတယ်။ ဒီငွေပေးငွေယူကြောင့်ကြန့်ကြာတယ်။ ကြန့်ကြာတဲ့ကာလမှာ စိုက်ပျိုးစရိတ်ချေးငွေမရဘူးဆိုတော့ လယ်သာဝယ်ထားတယ်။ စိုက်ပျိုးစရိတ်ချေးငွေလည်းမရ။ လယ်လည်းစိုက်မရဆိုတော့ ဒီအခက်အခဲက တော်တော်ကြပ်တည်းပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလိုဝန်ထမ်းတွေရှိရင်လည်း ကျွန်တော်တို့ကိုယ်စားလှယ်တွေက အခုမေးခွန်းရှင်တင်မဟုတ်ပါဘူး။ တိတိကျကျ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကို တိုင်ပေးပါ။ ဘာမှအားမနာနဲ့။ ရာထူးနဲ့ တာဝန်နဲ့ နာမည်နဲ့ တိတိကျကျတိုင်။ ကိုယ်တိုင်လည်း နာမည်နဲ့ လိပ်စာနဲ့ မှတ်ပုံတင်နဲ့သေချာတိုင်။ ကျွန်တော်တို့ဆီလည်း မိတ္တူပေး။ ဝန်ကြီးဌာနကလည်း ဒါကိုတော့ ထိထိရောက်ရောက်လုပ်ပေးပါ။ ဒါက အောက်ခြေမှာ တကယ်ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်ပါ။ အဲဒီတော့ အခုနက ဖြေသွားတဲ့အထဲမှာ ဝန်ကြီးဌာနက ဥပဒေပေါ်လာရင်တော့ အဆင်ပြေမယ်ဆိုတာ ကျွန်တော်တို့လည်း နားလည်ပါတယ်။ ဥပဒေမပေါ်ခင်ဆက်ကြားမှာ ဒီအခက်အခဲအကြပ်အတည်းကြုံနေပြီ။ အခု မိုးရာသီလည်း စိုက်ရတော့မယ့်စရိတ်ဖြစ်ပြီ။ စိုက်တယ်ဆိုတာလည်း ကျွန်တော်တို့နိုင်ငံသူနိုင်ငံသားအားလုံး စားသုံးနိုင်ဖို့၊ နိုင်ငံတော်ဝင်ငွေရရှိဖို့၊ ပြည်ပကို ဆန်စပါးတင်ပို့နိုင်ဖို့။ ဒါတွေအကျိုးဆက်တွေ အများကြီးရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေပြီးရင်တော့ ဟုတ်ပါပြီ။ ဒါတောင်မှ ဥပဒေပြီးတာတောင်မှ ဥပဒေပြီးတဲ့အတိုင်း မှန်မှန်ကန်ကန်လုပ်ကြဦးမှ။ ဥပဒေ မပြီးခင်ဆက်ကြားမှာ ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမားတွေ နေ့စဉ်ကြုံတွေ့နေတဲ့အခက်အခဲကိုတော့ ဝန်ကြီးဌာနအနေနဲ့ အကောင်းဆုံးဖြစ်အောင်ပြင်ဆင်ဖို့ စဉ်းစားပြီးတော့ ဆောင်ရွက်ပေးပါလို့ ဒါလွှတ်တော်အနေနဲ့လည်း ပြောကြားလိုပါတယ်။

**မူကြမ်း**

**မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့နှင့် ယခုဗဟိုကော်မတီအဖွဲ့တို့မှ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့် အသုံးပြုခွင့်များ ဧကပေါင်းမည်မျှပေးထားသည်ကိုသိလိုခြင်း၊ လုပ်ပိုင်ခွင့် အသုံးပြုခွင့် ရရှိသူများထံမှ အာမခံကြေးများ အပြည့်အဝရရှိခြင်းရှိ/မရှိနှင့် သီးနှံအမျိုးအစား၊ လုပ်ငန်းအမျိုးအစား အလိုက် မြေခွန်ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးသည့်နေ့မှစ၍ မြေခွန်များ နှစ်စဉ်ကောက်ခံခြင်းများရှိ/မရှိ သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ သာပေါင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းထွန်းပါခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကို အဓိကကတော့ မြေခွန်ကြေး၊ အာမခံကြေးနဲ့ပတ်သက်လို့ ကျွန်တော်မေးမှာပါ။ အဲဒီတော့ ဒီမေးခွန်းရဲ့ ရည်ရွယ်ချက်ကတော့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းတွေကို လက်ဝါးကြီးအုပ်ရယူထားခြင်းမရှိဘဲနဲ့ မှန်မှန်ကန်ကန် ဖော်ထုတ်ပြီးတော့ နိုင်ငံတော်ဘဏ္ဍာငွေအထောက်အပံ့ဖြစ်စေဖို့ ကျွန်တော်ရည်ရွယ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအာမခံကြေးလည်းမပေးဘဲ၊ နှစ်စဉ်ကြေးလည်းမပေးဘဲနဲ့ ကျွန်တော်တို့ ဘာတွေ သွားတွေ့နေရသလဲဆိုတော့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းပေါ်မှာ မြေကြီးတွေတူးရောင်းမယ်။ ဂဝံကျောက်တွေကို တူးဖော်ပြီးတော့ ရောင်းမယ်။ ဒီမြေကြီးပေါ်မှာရှိတဲ့အပင်တွေကို ခုတ်ပြီးတော့ သစ်လုပ်ငန်းတွေလုပ်မယ်။ နောက်ဆုံး မကျန်တော့ရင် သူကဘာလုပ်လဲဆိုတော့ မီးသွေးဖုတ်တယ်။ အခြားမြို့နယ်တွေမှာလည်း ဒီလိုအခြားလုပ်ငန်းတွေနဲ့ ဖြစ်နေတာကို လက်တွေ့သွားတွေ့နေရပါတယ်။ အဲဒီတော့ ဒါက ကျွန်တော့်မြို့နယ်ကိုအခြေခံပြီး ဒါလေးကိုသုံးသပ်တင်ပြတာပါ။ အဲဒီတော့ ကျွန်တော်တို့ ဒီမြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေနဲ့ပတ်သက်လို့ ဘာပြောထားလဲဆိုတော့ လယ်ယာမြေဥပဒေ ပြဋ္ဌာန်းပြီးတဲ့ ပုဒ်မ ၂၂ မှာဆိုရင် ဒီ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေနဲ့ပတ်သက်လို့ အချုပ်ကိုပြောရမယ်ဆိုရင်တော့ ပုဒ်မခွဲလေးခုရှိပါတယ်။ ပုဒ်မခွဲလေးခုရဲ့ အဓိကအချက်ကတော့ ဒီအထောက်အထား အပြည့်အစုံနဲ့ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေကို မတိုင်မီကကိစ္စတွေကို အထောက် အထားအပြည့်အစုံနဲ့ အခုလက်ရှိဗဟိုကော်မတီကို တင်ပြပြီးတော့ ဆောင်ရွက်ပါ။ နောက်တည်ဆဲ ဥပဒေနဲ့လုပ်ပါ။ တကယ်လို့ မလုပ်ခဲ့ရင်တော့ ကျွန်တော်တို့ ဒီအာမခံကြေးတွေကို သိမ်းယူပြီးတော့၊ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကိုလည်း သိမ်းပါလို့ဆိုလိုထားပါတယ်။ ဒါနဲ့ပတ်သက်လို့ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့မှာ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့၊ ဖွံ့ဖြိုးမှုမိတ်ဖက်တွေနဲ့ နိုင်ငံတော်

အတိုင်ပင်ခံနဲ့တွေ့ဆုံတဲ့ပွဲမှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ဘာပြောထားသလဲဆိုတော့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းနဲ့ပတ်သက်လို့ ခွင့်ပြုထားတာ ၂၀၁၂ ခုနှစ် မတိုင်မီမှာ မြေဧကပေါင်း ၄.၈ သန်းရှိတယ်။ အဲဒီတော့ ၄.၈ သန်းရှိတော့ လူဦးရေ ၆၀၀၀ လောက်ကို ခွင့်ပြုထားတယ်။ သူက ပျမ်းမျှတွက်တာတော့ လူတစ်ဦးကို ဧက ၈၀၀ လောက်ရှိတယ်ပေါ့။ ဒါပေမဲ့ အဲဒီဟာတွေက တိုင်းပြည်အတွက် မြေခွန်ကြေး၊ အာမခံကြေးတွေရရဲ့လားဆိုတာမျိုးကို ကောက်နုတ်ဖော်ပြထားတာတွေ့ရပါတယ်။ အဲဒီတော့ ဒီမြေခွန်ကြေးတွေနဲ့ပတ်သက်လို့ မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဥပဒေပြဋ္ဌာန်းပြီးတဲ့အခါမှာ ပုဒ်မ ၄၁ ပုဒ်မခွဲ(ဃ)မှာ မပြဋ္ဌာန်းမီက ဘယ်လိုလုပ်ရမယ်ဆိုတဲ့ကိစ္စရပ်တွေကို အတိအကျဖော်ထုတ်ထားတာရှိပါတယ်။ အဲဒီတော့ ဒီပုဒ်မတွေအရကြည့်မယ်ဆိုရင်တော့ အချိန်ကာလတွေရယ်၊ လုပ်ငန်းစဉ်တွေရယ်၊ တာဝန်ခံတွေရယ်၊ ပြစ်ဒဏ်တွေကို နည်းဥပဒေ ၄၁ နည်းဥပဒေခွဲ(ခ)၊ နောက် နည်းဥပဒေခွဲ(င)၊ ပုဒ်မ ၄၂၊ ပုဒ်မ ၄၃၊ ပုဒ်မ ၄၄ တွေမှာ အတိအကျပြဋ္ဌာန်းထားတာရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမှာ စိတ်ဝင်စားစရာကောင်းတဲ့ပုဒ်မကတော့ ပုဒ်မ ၄၄ ပေါ့။ နည်းဥပဒေ ပုဒ်မ ၄၄ မှာ မြို့နယ်ဦးစီးဌာနမှူးသည် မြေခွန်ကို ပေးသွင်းခြင်းမပြုဘဲ ရှောင်တိမ်းနေကြောင်း သို့မဟုတ် ပျက်ကွက်နေကြောင်းတွေ့ရှိလျှင် ယင်းမြေခွန်ပေးသွင်းရန် ရှောင်တိမ်းနေသူ သို့မဟုတ် ပျက်ကွက်သူထံမှ တည်ဆဲဥပဒေအရ ကောက်ခံရမည့်အပြင် ဥပဒေကြောင်းအရလည်း ထိရောက်စွာအရေးယူရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ တကယ်လို့သာ တာဝန်ရှိတဲ့အဖွဲ့အစည်း အဆင့်ဆင့်က ဥပဒေတွေကို ဘေးဖယ်မထားဘူး။ တကယ်လည်း စေတနာရှိရှိနဲ့အလုပ်လုပ်ကြမယ်ဆိုရင် ကျွန်တော်တို့တိုင်းပြည်အတွက် အင်မတန်အကျိုးရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ဒီနေ့မေးမယ့်မေးခွန်းကတော့ ၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ ဩဂုတ်လ ၃၁ ရက် နည်းဥပဒေမပြဋ္ဌာန်းမီနှင့် ပြဋ္ဌာန်းပြီးနောက် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့နှင့် ယခုဗဟိုကော်မတီတို့မှ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်များကို နိုင်ငံတော်တစ်ဝန်းဧကပေါင်းမည်မျှပေးထားသည်ကို သိရှိလိုခြင်း၊ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ အာမခံကြေးများ အပြည့်အဝရရှိခြင်းရှိ/မရှိနှင့် သီးနှံအမျိုးအစား၊ လုပ်ငန်းအမျိုးအစားအလိုက် မြေခွန်ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးသည့်နေ့မှစ၍ မြေခွန်များနှစ်စဉ် ကောက်ခံရရှိခြင်းရှိ/မရှိကို သိရှိလိုလို့မေးမြန်းရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းအနေနဲ့ မေးမြန်းတဲ့မေးခွန်းမှာ အပိုင်းသုံးပိုင်းပါဝင်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးမေးတဲ့ မေးခွန်းအပိုင်း(၁) အနေနဲ့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့။ အရင်ဖွဲ့စည်းတဲ့အဖွဲ့ဖြစ်ပါတယ်။ ယခု ဗဟိုကော်မတီရုံးမှ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးအပ်ထားတဲ့ ဧရိယာဧကမည်မျှ ရှိသလဲ၊ နိုင်ငံတစ်ဝန်းအနေနဲ့ ဘယ်လောက်ရှိတယ်ဆိုတာသိလိုခြင်းနဲ့စပ်လျဉ်းပြီးတော့ ဦးစွာဖြေကြားပါမယ်။ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများ မပြဋ္ဌာန်းမီကာလအတွင်းမှာ ကုမ္ပဏီ၊ ပုဂ္ဂလိက၊ အဖွဲ့အစည်းဦးရေ ၄၉၂၂ ဦးအတွက် ဧရိယာဧက ၂.၂၃ သန်းကျော် အဓိကအားဖြင့် ၂၂၃၅၇၈.၀၁၆ ဧက လုပ်ပိုင်ခွင့်ပြုခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းပြီးတဲ့နောက်မှာ ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အဖွဲ့အစည်းဦးရေ ၄၅၉ ဦး၊ ဧရိယာအားဖြင့် ၉၆၀၀၀ ကျော် လုပ်ကိုင်ခွင့် ပြုခဲ့ပါတယ်။ သို့ဖြစ်တဲ့အတွက် ယနေ့အထိ ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အဖွဲ့အစည်းဦးရေ ၃၅၈၁ ဦးအတွက် ဧရိယာဧက ၂.၃၃ သန်းကျော် အတိအကျအားဖြင့် ၂၃၃၂၂၇၅.၁၀၅ ဧက လုပ်ကိုင်ခွင့်ပြုထားပြီး ဖြစ်ပါကြောင်း ပထမမေးအပ်တဲ့မေးခွန်းကို ဖြေကြားအပ်ပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ အာမခံကြေးများ အပြည့်အဝ ရရှိခြင်းရှိ/မရှိနှင့်စပ်လျဉ်း၍ ဖြေကြားပါမယ်။ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၉ မှာ ဗဟိုကော်မတီအနေနဲ့ ပုဒ်မ ၈ အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးခြင်းပြုတဲ့အခါမှာ အာမခံကြေးကို ပေးသွင်းစေပြီးတော့ ခွင့်ပြုမိန့် ထုတ်ပေးရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ပြဋ္ဌာန်းချက်နဲ့အညီပဲ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများ ထံကနေပြီးတော့ အာမခံကြေးအပြည့်အဝရရှိပြီးမှသာ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ထုတ်ပေးခြင်း ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ လုပ်ငန်းအကောင်အထည်ဖော်မှု ၇၅ ရာခိုင်နှုန်းပြီးပါက ယင်းပြီးတဲ့ လုပ်ငန်းအပေါ်မှာ အာမခံကြေးကို သက်ဆိုင်ရာအဖွဲ့အစည်း၊ ပုဂ္ဂလိကသို့ ပြန်လည်ပေးအပ်ပါတယ်။

တတိယအချက်ဖြစ်တဲ့ သီးနှံအမျိုးအစား၊ လုပ်ငန်းအမျိုးအစားအလိုက် မြေခွန်ကင်းလွတ် ခွင့်ကာလကုန်ဆုံးတဲ့နေ့မှစပြီး မြေခွန်များနှစ်စဉ်ကောက်ခံရရှိခြင်းများရှိ/မရှိနှင့်စပ်လျဉ်းပြီး ဖြေကြား

ပါမယ်။ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေ ၄၀ မှာ ဗဟိုကော်မတီအနေနဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအသုံးပြုခြင်းမှ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ ထိထိရောက်ရောက်ကောက်ခံနိုင်စေဖို့အလို့ငှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူတွေက ယင်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရှိထားတဲ့မြေတွေအတွက် မြေခွန်ကို သီးနှံအမျိုးအစား၊ လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ထားတဲ့မြေခွန် ကင်းလွတ်ခွင့်ကာလကုန်ဆုံးသည့်နေ့မှစပြီး တစ်နှစ်တစ်ကြိမ် ဥပဒေပါနှုန်းထားအတိုင်း ပေးသွင်းစေဖို့အတွက် ဦးစီးဌာနတွေက စည်းကြပ်ကောက်ခံဖို့အတွက် ညွှန်ကြားပြဋ္ဌာန်းထားပါတယ်။ အားလုံးသိတဲ့ အတိုင်းပါပဲ။ စိုက်ပျိုးရေးလုပ်ငန်းအတွက်ဆိုရင် နှစ်ရှည်ပင်စိုက်ရင် အမှန်စိုက်တစ်ဧကအတွက် ကျပ် ၃၀၀၀ ကျပ်နှုန်း၊ ဥယာဉ်ခြံသီးနှံစိုက်ပျိုးမြေဖြစ်လျှင် အမှန်စိုက်တစ်ဧကအတွက် ကျပ် ၂၀၀၀ နှုန်း၊ ရာသီစက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးမြေဖြစ်လျှင် အမှန်စိုက်ဧက တစ်ဧကအတွက် ကျပ် ၁၀၀၀ နှုန်း ဖြစ်ပါတယ်။ မွေးမြူရေးလုပ်ငန်းအတွက် ငါး၊ ပုစွန်၊ ကဏန်းမွေးမြူရေးလုပ်ငန်းအသုံးပြုမြေဖြစ်လျှင် တစ်ဧကအတွက် ကျပ် ၃၀၀၀ နှုန်း၊ တိရစ္ဆာန်မွေးမြူရေးမြေဖြစ်လျှင် တစ်ဧကအတွက် ကျပ် ၁၀၀၀ နှုန်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်း အသုံးပြုမြေဖြစ်လျှင် တစ်ဧကအတွက် ကျပ် ၅၀၀၀ နှုန်းနဲ့ အစိုးရကခွင့်ပြုထားတဲ့ ဥပဒေနှင့်ညီညွတ်တဲ့ အခြားလုပ်ငန်းများကို အသုံးပြုမယ်ဆိုရင် ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနနဲ့ညှိနှိုင်းသတ်မှတ်တဲ့အခွန်နှုန်းကို ပေးသွင်းရတာ ဖြစ်ပါတယ်။ ယခင်အစိုးရကာလအဆက်ဆက်က နိုင်ငံနှင့်တစ်ဝန်းလုပ်ကိုင်ခွင့်ပြုခဲ့တဲ့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများအားမြေခွန်တော်စည်းကြပ်ကောက်ခံနိုင်ရေးကိစ္စနှင့်ပတ်သက်ပြီးတော့ မိမိတို့ဝန်ကြီးဌာနကနေပြီး ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ လိုအပ်တဲ့ ညွှန်ကြားမှုများပြုလုပ်ပေးနိုင်ဖို့အတွက် ကျွန်တော်တို့တင်ပြခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှာကျင်းပခဲ့တဲ့ စတုတ္ထအကြိမ် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာ ဆွေးနွေးညှိနှိုင်းခဲ့ပြီးတော့ အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်ထောင်စုရှေ့နေချုပ်ရုံးကိုလည်းပဲ ဥပဒေကြောင်းအရ စိစစ်နိုင်ဖို့အတွက် သဘောထားမှတ်ချက်တောင်းခံခဲ့ပြီး ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးကော်မတီကို ဆက်လက်တင်ပြအတည်ပြုချက်ရရှိထားပြီးဖြစ်ပါတယ်။ ယင်းနဲ့စပ်လျဉ်းပြီးတော့ မြေခွန်သတ်မှတ်ကင်းလွတ်ခွင့်ကုန်ဆုံးပြီးတဲ့နောက် ကောက်ခံရရှိမယ့်မြေခွန်တွေကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် ထည့်သွင်းဆောင်ရွက်သွားနိုင်ဖို့အတွက် ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပါ

ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၁၇-၂၀၁၈ ယခု ဘဏ္ဍာနှစ်မှစတင်ပြီးတော့ ကောက်ခံပေးသွင်းရေးကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသိန်းထွန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဆက်စပ်မေးခွန်း လေးမေးခွင့်ပြုပါ။ ကျွန်တော် အဓိကဆိုလိုတဲ့အချက်ကတော့ ကျွန်တော်တို့အာမခံကြေးပေးသွင်း ပြီးရင် ခုနက ခွင့်ပြုကာလပေါ့။ မြေခွန်ကင်းလွတ်ခွင့်ကာလပြီးဆုံးသွားရင် နှစ်စဉ်ကြေးပေးရမှာပါ။ ဒါပေမဲ့ ကျွန်တော့်မြို့နယ်မှာ ဒီမေးခွန်းမမေးခင်ပေါ့။ ဒီမေးခွန်း ကျွန်တော်မတင်ပြခင်မှာ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့မှာ ယူထားတဲ့စာရင်းလေးတစ်ခုကို ကျွန်တော်ပြောပြပါမယ်။ အဲဒီတော့ စိုက်ပျိုးရေးဘဏ်မှာ အာမခံကြေးပေးသွင်းထားတာ ဘယ်လောက်ရှိလဲ။ ဒီလောက် ဒီလောက်ရှိတယ် ပေါ့။ ဥပမာ- အဲဒီတုန်းကတော့ ဦးရေ ၃၀ ပေါ့။ ဧကလေး ၁၃၂၀ လောက်ပဲရှိတယ်။ ဒါပေမဲ့ ကျွန်တော့် မြို့နယ်မှာက တော်တော်များများကမြေကြီးတွေက လက်ညှိုးထိုးဝိုင်းထားတာကုန်နေပြီ။ ထားပါတော့။ ကျွန်တော်ဆိုလိုချင်တာက အဲဒီတော့ ကျွန်တော် မြို့နယ်စာရင်းအင်းဦးစီးဌာနပေါ့။ လယ်ယာမြေ စီမံ ခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနကို ဒီမြေခွန်ကြေးတွေပေးရဲ့လား။ ဒါလေး ကျွန်တော့်ကိုပြောပြပါ ဆိုတော့ မြေခွန်ကြေးလုံးဝမပေးပါဘူးတဲ့။ အဲဒီတော့ ကျွန်တော်တို့က ဘာသွားတွေ့နေရသလဲဆိုတော့ အာမခံကြေးတော့ ပေးထားတယ်။ မပေးတဲ့သူလည်းမပေးဘူး။ ဒါပေမဲ့ လက်တွေ့တွေ့နေရတော့ နှစ်စဉ်ကြေးလည်းမပေးဘူး။ အဲဒီတော့ ကျွန်တော်တို့က အဓိကကျွန်တော်ပြောပြတဲ့အချက်က နည်းဥပဒေပုဒ်မ ၄၄ အရ ကျွန်တော်တို့ဆောင်ရွက်ဖို့လိုအပ်နေပါပြီ။ ခုနက ဝန်ကြီးဖြေတာလည်း ကျေးဇူးတင်ပါတယ်။ ဒီနှစ်ကနေစပြီး ဆောင်ရွက်မယ်ဆိုတော့ ပုဒ်မ ၄၄ ကိုလည်း သတိထားပြီးတော့ ဆောင်ရွက်ပေးပါလို့ ဒီဟာကိုမေးမြန်းချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ယခင် ၁၉၉၁ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့ လုပ်ထုံး လုပ်နည်းနဲ့ဆောင်ရွက်တဲ့ကာလတုန်းက အခွန်ကောက်ခံတဲ့ကိစ္စရပ်မပါဝင်ကြောင်း စိစစ်သိရှိရပါ တယ်။ ကျွန်တော်တို့ ဒီ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပြဋ္ဌာန်းပြီးမှ သာ ဥပဒေနှင့်အညီ အခွန်ကောက်ခံခြင်းနှင့် ကင်းလွတ်ခွင့်ဆိုင်ရာကိစ္စတွေကို ပြဋ္ဌာန်းခဲ့မှုရှိပါတယ်။

ဒီလို ဆောင်ရွက်တဲ့နေရာမှာလည်း လုပ်ပိုင်ခွင့်ပြုထားတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ သတ်မှတ်ချက်နှင့်အညီ အကောင်အထည်ဖော်မှုအခြေအနေကို သတ်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးအလိုက် လုပ်ငန်းအဖွဲ့တွေကနေ မြေပြင်အခြေအနေကို အချိန်ယူကွင်းဆင်းစိစစ်ရရှိခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပြဋ္ဌာန်းပြီးနောက်ပိုင်း ခွင့်ပြုထားတဲ့ဧရိယာများကနေပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိတဲ့ မြေဧရိယာဧကစာရင်းဟာဆိုလို့ရှိရင် စုစုပေါင်းရဲ့ ၁.၃ သန်းလောက် အကောင်အထည်ဖော်ဆောင်ရွက်ထားခြင်းမရှိကြောင်း၊ ခွင့်ပြုထားတဲ့ဧရိယာနဲ့မှ တစ်သန်း သုံးသိန်းကျော်ဟာ အကောင်အထည်ဖော် ဆောင်ရွက်မှုမရှိကြောင်း စိစစ်ရရှိပြီးဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့လုပ်ထုံးလုပ်နည်းနှင့်အညီ ဒီဧရိယာဧကတွေကို ကျွန်တော်တို့ပြန်လည်သိမ်းဆည်းသွားနိုင်ဖို့အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အောက်မှာရှိတဲ့ တိုင်းဒေသကြီး/ပြည်နယ် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးအဖွဲ့ကိုလည်း ညွှန်ကြားထားရှိပြီးဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ဆက်စပ်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကျောက်တော်မြို့နယ်ရှိ နိုင်ငံ့ဘဏ္ဍာငွေဘီလီယံပေါင်းများစွာ အကုန်ကျခံ တည်ဆောက်ထားသည့် ရေလှောင်တာတမံကြီးများအား နိုင်ငံ့အကျိုးပြု၊ ပြည်သူ့အကျိုးပြုနိုင်ရေးအတွက် မည်သို့မည်ပုံစီစဉ်ဆောင်ရွက်ထားကြောင်း သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းဝင်း(ကျောက်တော်မဲဆန္ဒနယ်)**။ ။ အားလုံးကိုလေးစားပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ကျောက်တော်မြို့နယ်အတွင်းထဲမှာ လယ်ဧကပေါင်းများစွာဆုံးရှုံးခဲ့ပြီးတော့ နိုင်ငံ့ဘဏ္ဍာငွေဘီလီယံပေါင်းများစွာ အကုန်ကျခံတည်ဆောက်ထားခဲ့တဲ့ ရေလှောင်တာတမံကြီးများကို နိုင်ငံ့ အကျိုးပြု၊ ပြည်သူ့အကျိုးပြုနိုင်ရေးအတွက် အစိုးရက မည်သို့မည်ပုံစီစဉ်ဆောင်ရွက်ထားကြောင်းသိလိုတဲ့အတွက် မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။ လေးစားရပါတဲ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ကျောက်တော်မြို့နယ်မှာ တပ်မတော်အစိုးရလက်ထက် ၂၀၀၃-၂၀၀၄ ဝန်းကျင်လောက်က ရေလှောင်တာတမံကြီးသုံးခုကို တစ်ခုပြီးတစ်ခုရှေ့ဆက်နောက်ဆက်ဆိုသလို တည်ဆောက်ခဲ့ပါတယ်။ အဲဒါတွေကတော့ ဇီးချောင်းတာတမံ၊ ပြိုင်းချောင်းတာတမံ၊ မင်းသား

ချောင်း တာတမံတို့ဖြစ်ပါတယ်။ ဇီးချောင်းတာတမံကတော့ လယ်ဧက ၁၅၀ ကျယ်ဝန်းပြီးတော့ အကျိုးပြုလယ်ဧကပေါင်း ၁၀၀၀ ကျော်ရှိတယ်လို့ ခန့်မှန်းထားပါတယ်။ ၂၀၀၅ ခုနှစ်မှာ စတင်တည်ဆောက်ပြီးတော့ ၂၀၁၂ ခုနှစ်မှာပြီးစီးပါတယ်။ ကာလတန်ဖိုးကတော့ ကျပ်ငွေ ၉.၉၁၄ ဘီလီယံရှိပါတယ်။ နံပါတ်(၂)ကတော့ ပြိုင်းချောင်းဆည်ကတော့ ၂၀၁၂ ခုနှစ်မှာတည်ဆောက်ပြီးတော့ ၂၀၁၁ ခုနှစ်မှာပြီးပါတယ်။ ကန်ရေပြင်ဧကကတော့ ၆၂၅ ဧကရှိပါတယ်။ အကျိုးပြုနိုင်တဲ့လယ်ဧကပေါင်း ၅၀၀၀ ကျော်ရှိတယ်လို့ ခန့်မှန်းပါတယ်။ နံပါတ်(၃)ကတော့ မင်းသားချောင်းရေလှောင်တာတမံကို ၂၀၀၂ ခုနှစ်မှာတည်ဆောက်ပြီးတော့ ၂၀၀၇ ခုနှစ်မှာပြီးဆုံးပါတယ်။ အဲဒီစတင်တည်ဆောက်တုန်းကတော့ ကာလတစ်ခုအတွင်းမှာ ဆောလျင်စွာပြီးမြောက်နိုင်ရေးအတွက် စက်ယန္တရားတွေ လူပေါင်းများစွာနဲ့ နေ့ရောညပါအပူတပြင်း တည်ဆောက်ခဲ့ကြတာတွေ့ပါတယ်။ စတင် တည်ဆောက်ပြီးစီးတဲ့နှစ်တွေမှာ အနီးအနားမှာရှိတဲ့တောင်သူဦးကြီးတွေက အဲဒီဆည်တွေကို အားကိုးပြီးတော့ နွေစပါးတွေ စမ်းသပ်စိုက်ပျိုးခဲ့ကြတယ်လို့ သိရပါတယ်။ လယ်သမားတွေရဲ့ပြောစကားအရ ရေပုံမှန်ပေးဝေခြင်းမရှိတာရယ်၊ နောက်ပြီးတော့ အဖျက်ပိုးမွှားတွေကျတာရယ်၊ နောက်ပြီးတော့ ဌာနဆိုင်ရာတွေရဲ့ လျစ်လျူရှုခြင်းကို ခံရတာတွေကြောင့် နောက်နှစ်ပိုင်းတွေမှာ ဆက်လုပ်လိုစိတ်မရှိပါကြောင်း ပြောပြရပါတယ်။ ကျွန်တော်တို့ ဒီ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်ထဲမှာတော့ ဇီးချောင်းဆည်နဲ့အနီးအနားမှာရှိတဲ့ကျေးရွာတချို့ကို ရေပေးဝေရေးလုပ်ငန်းတွေလုပ်မယ်ဆိုပြီးတော့ ကျွန်တော်တို့ဘတ်ဂျက်ထဲမှာပါတာတချို့တော့တွေ့ပါတယ်။ လက်ရှိအခြေအနေမှာ နိုင်ငံတော်နှင့်ပြည်သူအတွက် အလွန်တန်ဖိုးမြင့်မားတဲ့ ထိုအရင်းအမြစ်တွေကို စုပြုံပြီးတော့ အလှကြည့်ထားတဲ့အနေအထားမျိုး ကျွန်တော်တို့ရှိနေပါတယ်။ ကျွန်တော်ပြည်သူတွေနဲ့တွေ့တဲ့အခါမှာ ဒီဆည်တွေနဲ့ပတ်သက်ပြီးတော့ ဘယ်လိုအကျိုးဆက်တွေ၊ ဘယ်လိုအခြေအနေတွေရှိတာကို မေးမြန်းတဲ့အခါမှာ လယ်ဧကတွေအများကြီးဆုံးရှုံးသွားတာကလွဲလို့၊ မိုးရာသီတွေမှာ ရေလွှမ်းမိုးမှုတွေ ခဏခဏခံရတာကလွဲလို့ ပြည်သူတွေဘာအကျိုးကျေးဇူးမှမရဘူးဆိုတာသိရပါတယ်။ ပြီးတော့လုပ်ခဲ့တဲ့ရေနုတ်မြောင်းတွေ၊ ဆည်တွေ၊ လယ်ဧကတွေကလည်း ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေမပေါ်ခင်ကတည်းက လုပ်ခဲ့တာဖြစ်တဲ့အတွက် တောင်သူလယ်သမားများအား နစ်နာကြေးတွေ ဆုံးရှုံးမှုတွေအတွက် အစိုးရဘက်တွေက တစ်စုံတစ်ရာလုပ်ပေးတာလည်း မတွေ့ရပါဘူး။ အဲဒီလိုနစ်နာနေတဲ့ပြည်သူတွေအတွက်ရော၊ နိုင်ငံတော်အတွက်ပါ အကျိုးရှိရှိနဲ့အသုံးချနိုင်ရေးအတွက် ဒီရေလှောင်တာတမံကြီးတွေကို ဘယ်လိုဆက်ပြီးတော့လုပ်မယ်ဆိုတာကို သိလိုတဲ့

အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒီမေးခွန်းကို လေးလေးစားစားမေးမြန်းအပ်ပါတယ်။ အားလုံး ကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်၊ ကျောက်တော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဝင်းရဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး ပြန်လည်ဖြေကြားပေးပါမယ်။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်ဟာ ဧရိယာအားဖြင့် ၆၇၅ စတုရန်းမိုင် ကျယ်ဝန်းပါတယ်။ လူဦးရေနှစ်သိန်းကျော်နေထိုင်ကြပါတယ်။ ဒေသနေပြည်သူအများစုဟာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာနှင့်ဆက်စပ်လုပ်ငန်းတွေကို လုပ်ကိုင်ကြပါတယ်။ ဒေသရဲ့သဘာဝရေမြေရာသီဥတုအခြေအနေအရ မိုးရာသီမှာ မိုးရေချိန်များစွာ ရွာသွန်းပေမဲ့ နွေရာသီမှာ ရေရှားပါးတဲ့ဒေသဖြစ်ပါတယ်။ ဒါကြောင့်လည်းပဲ သီးနှံစိုက်ပျိုးမှုပိုင်းမှာ နွေစပါးသီးထပ်မစိုက်ပျိုးနိုင်ခြင်း၊ ဒေသတွင်းသောက်သုံးရေရှားပါးမှုအခက်အခဲများ ကြုံတွေ့လျက်ရှိတဲ့ဒေသဖြစ်တဲ့အလျောက် မြို့နယ်အတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေဖူလုံစွာရရှိပြီး ပြည်သူတို့ရဲ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး ပြိုင်းချောင်း၊ ဇီးချောင်းနှင့် မင်းသားချောင်းရေလှောင်တမံတွေကို တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း စိစစ်သိရှိရပါတယ်။

ပြိုင်းချောင်းရေလှောင်တမံဟာ ကျောက်တော်မြို့နယ်၊ မင်းဒန်းကျေးရွာအနီး၊ ပြိုင်းချောင်းမှာ တည်ရှိပါတယ်။ ဆည်ရေသောက်စိစစ်တဲ့ဧရိယာဧက ၄၆၅၉ ဧကရှိပါတယ်။ စိုက်ပျိုးရေပေးဝေဖို့နှင့် ဒေသတွင်းသောက်သုံးရေရရှိစေဖို့အတွက် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ ရှေးယခင်အစိုးရကာလ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ရဲ့ ၁၉၉၉ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့မှာ ပြုလုပ်တဲ့ အစည်းအဝေးအမှတ်စဉ်(၁/၉၉)ရဲ့ ခွင့်ပြုချက်အရ ၂၀၀၂ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပါတယ်။ အကြောင်းကြောင်းကြောင့် ၂၀၁၂ ခုနှစ်မှာမှ ပြီးစီးခဲ့တာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြိုင်းချောင်းရေလှောင်တမံရဲ့ ကန်ရေပြည့်ရေလှောင်ပမာဏဟာ ၂၅၀၀၀ ကျော်ရှိပါတယ်။ ၂၅၀၀၀ ကျော်ဧကပေရှိပါတယ်။ ပြိုင်းချောင်းဆည်ရေသောက်စနစ်မှာလည်းပဲ တူးမြောင်းမကြီးရဲ့ လက်ဝဲ/လက်ယာမြောင်းခွဲနှစ်ခု၊ လက်တန်မြောင်းခွဲများနှင့်အတူ တူးမြောင်း

အဆောက်အအုံ ၁၆၃ ခုကို စနစ်တကျ တည်ဆောက်ထားပြီးတော့ နွေစပါးစိုက်ပျိုးရေပေးဝေနိုင်ဖို့ အတွက် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ရေလှောင်တမံ၊ ရေပေးမြောင်းများနှင့် ရေပေး အဆောက်အအုံတွေ ရေရှည်တည်တံ့ခိုင်မြဲနိုင်ဖို့အတွက်ကိုလည်းပဲ နှစ်စဉ်ခွဲဝေရရှိတဲ့ ရန်ပုံငွေပေါ်မှာ မူတည်ပြီး ပုံမှန်ပြုပြင်ထိန်းသိမ်းပေးလျက်ရှိပါတယ်။ သို့သော်လည်းပဲ ဆည်ရေသောက်ဧရိယာမှာ နွေစပါးသီးထပ်ရေပေးဝေစိုက်ပျိုးနိုင်မှု စီမံခဲ့ပေမဲ့ လယ်ယာလုပ်သားရှားပါးလာမှုနှင့်အတူ လုပ်အားခ တွေ ကြီးမြင့်လာတဲ့အခြေအနေ၊ စိုက်ပျိုးထုတ်လုပ်မှုစရိတ်တွေမြင့်မားလာပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ ပြည်နယ်ဒေသဖြစ်တဲ့အလျောက် ကုန်စည်စီးဆင်းမှုအခက်အခဲတွေရှိခဲ့ပါတယ်။ စိုက်ပျိုး သီးနှံများဈေးကွက်မရှိလို့ အကျိုးအမြတ်ရရှိမှုနည်းပါးတဲ့အတွက် စီးပွားရေးတွက်ခြေမကိုက်ဘဲ ဒေသခံတောင်သူများအနေနဲ့ နွေစပါးစိုက်ပျိုးနိုင်ရေးကို စိတ်ဝင်စားမှုနည်းပါးလျက်ရှိပါတယ်။ ဒါ့ကြောင့် စီမံကိန်းပြီးစီးတဲ့ ၂၀၁၂-၂၀၁၃ ခုနှစ်မှစပြီး ၂၀၁၅-၂၀၁၆ ခုနှစ် နွေစပါးရာသီအထိ နှစ်စဉ်နွေစပါးလျာထားဧကတွေအပေါ်မှာ အမှန်တကယ်စိုက်ပျိုးနိုင်တဲ့ဧကဟာ ဧက ၁၀၀ ဝန်းကျင်သာရှိကြောင်း သိရှိရပါတယ်။

နှစ်အလိုက်လျာထားတဲ့ဧကပေါ်မှာ အမှန်စိုက်ဧကမှာ လျော့နည်းလာတဲ့အတွက်ကြောင့် ၂၀၁၆-၂၀၁၇ ခုနှစ်မှာ မြို့နယ်စိုက်ပျိုးရေးအဖွဲ့တွေက ဒေသခံတောင်သူတွေနဲ့ ကွင်းဆင်းဆွေးနွေးပြီး နွေစပါး ဧက ၅၀၀ ကျော်စိုက်ပျိုးဖို့ စီမံခဲ့ပေမဲ့လည်း ၂၀၀ ဧကခန့်သာ စိုက်ပျိုးနိုင်ကြောင်း တွေ့ရှိရပါတယ်။ လယ်သမားများအနေနဲ့ အချင်းချင်းပူးပေါင်းဆောင်ရွက်ရမယ့် လယ်ကြားမြောင်း များတူးဖော်ဖို့ကိစ္စ ကွက်ဆင့်သောက်စနစ်ဖြင့်သာ ရေရယူစိုက်ပျိုးကြတဲ့အတွက်ကြောင့် ရေပေးရေယူ အခက်အခဲတွေဖြစ်ပေါ်လာပြီး တောင်သူတွေ စိုက်ပျိုးရေအခက်အခဲဖြစ်ပေါ်လာ၍ အကူအညီ တောင်းခံလာရင် သက်ဆိုင်ရာတာဝန်ရှိသူတွေက အချိန်နှင့်တစ်ပြေးညီ ကူညီကွင်းဆင်း ဖြေရှင်း ဆောင်ရွက်ပေးခဲ့ရပါတယ်။ ဒါကြောင့် ပြိုင်းချောင်းရေလှောင်တမံဟာ တည်ဆောက်ပြီးစီးသည့် နောက် ၂၀၁၂ ခုနှစ်ကစပြီး နွေစပါးစိုက်ပျိုးရေကို ပြည့်စုံလုံလောက်စွာပေးဝေနိုင်ပါတယ်။ ဒေသ တွင်းသောက်သုံးရေအတွက် လိုအပ်သလို အကျိုးပြုနိုင်တဲ့ ဆည်မြောင်းနှင့် ရေအသုံးချမှုဆိုင်ရာ အခြေခံအဆောက်အအုံတစ်ခုဖြစ်ပါတယ်။ သုံးစွဲနိုင်တဲ့ရေလှောင်ပမာဏအရ ဆည်ရေသောက် ဧရိယာ ၄၆၀၀ ကျော်မှာ သီးထပ်နွေစပါးစိုက်ပျိုးနိုင်ရေးအတွက်ကိုလည်း လိုအပ်သလို စီမံ ဆောင်ရွက်ပေးနိုင်တဲ့ အခြေအနေရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဇီးချောင်းရေလှောင်တမံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပါမယ်။ ဇီးချောင်းရေလှောင်တမံဟာ ကျောက်တော်မြို့နယ်၊ မဟာမုနိဘုရားမှနေပြီးတော့ နှစ်မိုင်ခန့်အကွာမှာ တည်ရှိပါတယ်။ ဆည်ရေသောက်ဧရိယာဧက ၉၀၀ ကျော်ရှိပြီးတော့ နွေစပါးနှင့် အခြားသီးနှံစိုက်ပျိုးရေပေးဝေနိုင်ဖို့အတွက် အသေးစားရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရန်ရည်ရွယ်ပြီး ရွေးယခင်အစိုးရလက်ထက် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ရဲ့ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့မှာပြုလုပ်တဲ့ အစည်းအဝေးအမှတ်စဉ်(၁/၂၀၀၆)ရဲ့ သဘောတူခွင့်ပြုချက်နဲ့ ၂၀၀၆ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာ ပြီးစီးခဲ့ပါတယ်။

ဇီးချောင်းဆည်ရေသောက်စနစ်မှာ တူးမြောင်းမကြီး၊ လက်ဝဲလက်ယာမြောင်းခွဲနှစ်ခု၊ လက်တံမြောင်းတွေနှင့်အတူ တူးမြောင်းအဆောက်အအုံ ၁၂၀ ကို စနစ်တကျထည့်သွင်းတည်ဆောက်ခဲ့ပါတယ်။ နွေစပါးစိုက်ပျိုးရေပေးဝေနိုင်ဖို့ စီမံဆောင်ရွက်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။ ရေလှောင်တမံ၊ ရေပေးမြောင်းတွေနှင့် ရေပေးအဆောက်အအုံတွေ ရေရှည်တည်တံ့စေရေးအတွက်လည်းပဲ နှစ်စဉ်ခွဲဝေရရှိတဲ့ ဘဏ္ဍာရန်ပုံငွေနဲ့ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရေလှောင်တမံရဲ့ကန်ရေပြည့်ရေလှောင်ပမာဏဟာ ၇၅၀၀ ကျော်ဧကပေရှိတဲ့အလျောက်စိစစ်ပြီး ရေသောက်ဧရိယာ ဧက ၉၀၀ ကျော်ကို နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရေလုံလောက်စွာပေးဝေနိုင်တဲ့ ရေထုထည်ပမာဏရှိနေပါတယ်။ ဤကဲ့သို့ စိစစ်ပြီးဆည်ရေသောက်ဧရိယာ ၉၀၀ ကျော်မှာ နွေစပါးသီးထပ်စိုက်ပျိုးနိုင်ဖို့ စီမံဆောင်ရွက်ခဲ့ပေမဲ့ ပြိုင်းချောင်းရေလှောင်တမံကဲ့သို့ပင် အလားတူအကြောင်းအရာတွေကြောင့် ဒေသခံတောင်သူများအနေနဲ့ နွေစပါးစိုက်ပျိုးရန် စိတ်ဝင်စားမှုနည်းပါးပြီး နှစ်အလိုက်နွေစပါးစိုက်ပျိုးမှု အခြေအနေဟာ လျော့နည်းကျဆင်းလာတာ မနှစ်က ၂၀၁၆-၂၀၁၇ ခုနှစ်မှာ လုံးဝစိုက်ပျိုးခြင်းမရှိတော့တဲ့အခြေအနေ ဖြစ်ပါတယ်။

ဇီးချောင်းရေလှောင်တမံကနေ ရေအားလျှပ်စစ်ထုတ်ယူပြီး တမံနှင့် ပတ်ဝန်းကျင်မှာရှိတဲ့ ကျေးရွာဘုန်းကြီးကျောင်းများ၊ မဟာမုနိဘုရားတို့ကို လျှပ်စစ်ဓာတ်အားပေးဝေခဲ့ပြီးတဲ့နောက် ၂၀၁၅ ခုနှစ်မှာ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရလာတဲ့အတွက် တမံနှင့်ဝန်းကျင်မှာရှိတဲ့ ကျေးရွာဘုန်းကြီးကျောင်းများကို လျှပ်စစ်ဓာတ်အားပေးဝေလျက်ရှိပါတယ်။ ဇီးချောင်းရေလှောင်တမံကနေ စိုက်ပျိုးရေရယူခြင်းမရှိတဲ့အတွက် ပိုလျှံတဲ့သိုလှောင်ရေတွေကို မဟာမုနိကျေးရွာ၊ သရက်တစ်ပင်ကျေးရွာ၊ သိန်းတန်ကျေးရွာနှင့် ပြင်လှကျေးရွာတွေကို သောက်သုံးရေပေးဝေနိုင်ဖို့အတွက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများဆောင်ရွက်ဖို့ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရန်ပုံငွေ

မှာပါဝင်ပြီးဖြစ်တဲ့အတွက် ကျောက်တော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ထို့အတူ မင်းသားချောင်းရေလှောင်တမံဟာ ကျောက်တော်မြို့နယ်၊ မင်းသာတောင်ရွာအနီး၊ မင်းသားချောင်းပေါ်မှာတည်ရှိပါတယ်။ ဆည်ရေသောက်ဧရိယာ ၅၀ မှာ နွေစပါးစိုက်ပျိုးရန် ရည်ရွယ်ပြီး ၂၀၀၂ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၇ ခုနှစ်မှာ ပြီးစီးခဲ့ပါတယ်။ မင်းသားချောင်းဆည်ရေသောက်စနစ်မှာ ရေပေးမြောင်းနှင့် ရေပေးအဆောက်အအုံတွေမှာ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ကန်ရေပြည့်သိုလှောင်မှုပမာဏဟာ ဧကပေ ၁၆၅၀ ပေရှိပါတယ်။ နွေစပါးဧက ၅၀ အတွက် စိုက်ပျိုးရေအလုံအလောက်ရှိသော်လည်းပဲ ဒေသတွင်း လယ်သမားများအနေနဲ့ နွေစပါးစိုက်ပျိုးရန် စိတ်ဝင်စားမှုမရှိတဲ့အတွက် ဆည်ရေသောက်ဧရိယာအတွင်း လုံး၀ စိုက်ပျိုးခြင်းမရှိခဲ့တဲ့ အခြေအနေဖြစ်ပါတယ်။

ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းခဲ့သလို ကျောက်တော်မြို့နယ်တွင် တည်ဆောက်ထားခဲ့တဲ့ ရေလှောင်တမံတွေဟာ ဒေသတွင်းစိုက်ပျိုးရေနှင့် သောက်သုံးရေရှားပါးမှုအခက်အခဲကို အထောက်အကူပြုနိုင်တဲ့အတွက် ကောင်းမွန်တဲ့ရည်ရွယ်ချက်တွေနဲ့ တည်ဆောက်ပေးခဲ့တဲ့ ဆည်မြောင်းနှင့် ရေအသုံးချမှုဆိုင်ရာအခြေခံအဆောက်အအုံများ ဖြစ်ပါတယ်။ ဒေသတွင်းရှိလယ်သမားတွေအနေနဲ့ အဆိုပါရေလှောင်တမံရဲ့ ဆည်ရေသောက်ဧရိယာတွေမှာ နွေစပါးအပါအဝင် သီးထပ်နှင့် အခြားတွက်ခြေကိုက်သီးနှံများ ရေသွင်းစိုက်ပျိုးမယ်ဆိုရင် လိုအပ်တဲ့စိုက်ပျိုးရေကို ပေးဝေနိုင်မယ့်အခြေအနေဖြစ်စေဖို့ စီမံဆောင်ရွက်ထားပါကြောင်းနှင့် ဒေသတွင်း သောက်သုံးရေလိုအပ်ချက်အတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်းကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရေချိုရရှိရန် ခက်ခဲသည့် ပင်လယ်နှင့်နီးစပ်နေသော ကျေးရွာများအတွက် စက်တပ်ရေနက်တွင်းကြီးများ တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မိကွန်ချမ်း(ပေါင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပေါင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်း

ဖြစ်ပါတယ်။ ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ ရေချိုရရှိရန်ခက်ခဲတဲ့ ပင်လယ်နှင့်နီးစပ်နေတဲ့ ကျေးရွာတွေအတွက် နွေရာသီရောက်တိုင်း ရေအခက်အခဲကြုံတွေ့နေရသည်ကို ဖြေရှင်းနိုင်ရန် အတွက် ရေနက်တွင်းကြီးများတူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အကယ်၍ တူးဖော်သော်လည်း ရေချိုမရရှိခဲ့လျှင် ရေချိုရရှိအောင် မည်သည့်နည်းနှင့် ဆောင်ရွက်ပေးမည်နည်း သိရှိလိုတဲ့မေးခွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့မြန်မာနိုင်ငံဟာ တိုင်းဒေသကြီးနှင့်ပြည်နယ်တွေမှာ အချို့သော ကျေးရွာတွေဟာ ပင်လယ်ကမ်းခြေပတ်ဝန်းကျင်တွေနဲ့ တည်ရှိနေတဲ့အတွက်ကြောင့် ရေချိုရရှိရန် ခက်ခဲပါတယ်။ ရာသီဥတု တဖြည်းဖြည်းပြောင်းလဲတဲ့အတွက် နွေရာသီတွေမှာဆို ပိုမိုပြီးတော့ ပူပြင်းလှပါတယ်။ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ရေတွင်း၊ ရေကန်၊ စမ်းချောင်းတွေလည်း ခမ်းခြောက် လာပါတယ်။ လူဦးရေတိုးမြှင့်လာတဲ့အတွက်ကြောင့် အချို့ကျေးရွာတွေမှာဆိုရင် ရေကန်တွေ ပိုမို တူးဖော်လာသော်လည်း ရေလုံလောက်မှုမရရှိပါဘူး။ ရှေးကတည်းက တူးဖော်ထားတဲ့ရေကန်တွေမှာ လည်း နုန်းမြေများပြားလာခြင်း၊ အချို့သောရေကန်တွေမှာဆို နှစ်ရှည်ကြာမြင့်တဲ့အတွက် ရေကန် ပေါင်ခတ်ထားခြင်းမရှိတဲ့အတွက်ကြောင့် ကျွဲ၊ နွားများ ဝင်ရောက်သောက်သုံးပြီး ကျွဲ၊ နွားများ၏ မစင် စွန့်ခြင်းကြောင့် ရောဂါပိုးများဝင်ရောက်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ နှစ်စဉ်ကြုံတွေ့နေရပါ တယ်။ ကျွန်မတို့ရဲ့ ပေါင်မြို့နယ်မှာဆိုရင် ကျေးရွာပေါင်း ၅၇ ရွာမှာဆိုရင် တစ်ဝက်ကျော်ကျော်ဟာ ပင်လယ်နှင့်ထိစပ်နေတဲ့အတွက် ရေချိုရရှိရန် ခက်ခဲလျက်ရှိပါတယ်။ ကျေးဇူးပြုပြီး Power Point သုံးခွင့်ပြုပါရှင်။ ဒါကတော့ ကျွန်မတို့ ဒီနွေရာသီမှာဆိုရင် ကျွန်မတို့တွေ ရေအခက်အခဲဖြစ်တဲ့ ဒေသတွေကို လတ်တလော ဖြေရှင်းထားတဲ့နည်းပါ။ ဒီနည်းဟာ ရေရှည်အတွက်တော့ မဖြစ်ပါဘူး။ ဒါ ကျွန်မတို့ရေရရှိဖို့အတွက်ကို ဒီလိုမျိုး ပုံးလေးတွေနဲ့ တစ်အိမ်တစ်ပုံးနှုန်းဖြင့် ကျွန်မတို့ တံကင်စနစ်နဲ့ လုပ်ပြီးတော့ ဆောင်ရွက်ပေးရတယ်။ ပြည်သူလူထုအနေနဲ့ ရေရဖို့အတွက်က ရေလာလှူမယ့်သူကို သာ မျှော်ကိုးပြီးတော့ စောင့်ဆိုင်းနေရတဲ့အဖြစ်ပါ။ ဒီလိုမျိုး ပြဿနာမျိုးကို ကျွန်မတို့က ရေတိုအနေနဲ့ သာ ဖြေရှင်းလို့ပဲရမယ်။ ရေရှည်အတွက်တော့ ကျွန်မတို့ ဒါတွေနဲ့သုံးလို့မရပါဘူး။ သောက်သုံးရေ၊ သုံးစွဲရေရှားပါးတဲ့အတွက်ကြောင့် အစားအသောက်များချက်ပြုတ်ရာတွင်လည်းကောင်း၊ ရောင်းချ ရာတွင်လည်းကောင်း သန့်ရှင်းပြီးတော့ စင်ကြယ်စွာမဆေးကြောတဲ့အတွက်ကြောင့် ဝမ်းပျက် ဝမ်းလျှောတွေ ဖြစ်ပွားပါတယ်။ နွေရာသီရောက်တိုင်း ရေပြဿနာဖြစ်ပွားနေသည်မှာလည်း နိုင်ငံတစ်ဝန်းလုံး သိရှိနေရပါသော်လည်း ကြိုတင်ပြင်ဆင်မှုလုပ်ဆောင်ရန် ဘတ်ဂျက်အခက်အခဲတွေ အများကြီးကြုံတွေ့နေရပါတယ်။ မြို့ပေါ်မှာဆိုရင် ကျွန်မတို့ ရေချိုရရှိဖို့အတွက် စက်ရေတွင်းတွေ

ပေတစ်ရာ၊ ပေနှစ်ရာလောက်တူးရုံနဲ့ ကျွန်မတို့ ရေချိုရရှိဖို့မခက်ခဲပါဘူး။ ဒါပေမဲ့ ပင်လယ်နဲ့နီးစပ်တဲ့ ကျေးရွာတွေမှာဆိုရင် ပေပေါင်းငါးရာအထက်ကိုတူးမှသာ ရေချိုရရှိဖို့က မသေချာသေးပါဘူး။ ဒါက ပညာရှင်နဲ့ ကျွန်မတို့တွေ အင်မတန်တိုင်ပင်ပြီးတော့လုပ်မှသာ ရရှိမှာဖြစ်ပါတယ်။ ပြည်သူလူထု အနေနဲ့ ရေအရင်းအမြစ်နဲ့ပူးပေါင်းပြီးတော့ လုပ်ဆောင်တာတောင်မှ ကုန်ကျစရိတ်တွေ သိန်းပေါင်း တစ်ရာ၊ နှစ်ရာလောက်ရှိနေတဲ့အတွက်ကြောင့်မို့ ပြည်သူရဲ့အင်အားနဲ့ မစွမ်းဆောင်နိုင်ပါဘူး။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေနဲ့ ကြိုတင်ပြီးတော့ နွေရာသီမရောက်ခင်မှာ ရေအခက်အခဲ ကြုံတွေ့နေရတဲ့ ပင်လယ်ကမ်းခြေနဲ့ နီးစပ်နေတဲ့ကျေးရွာတွေအတွက် ဦးစားပေးပြီးတော့ စီမံချက် အနေနဲ့ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါတယ်။ အကယ်၍ စက်ရေတွင်းတွေ တူးဖော်တဲ့ အချိန်မှာ တူးဖော်လို့မရဘူး။ ရေချိုတွေမရရှိခဲ့ဘူးဆိုရင် ရေချိုရရှိအောင် မည်သို့ဆောင်ရွက်ပေးမည် နည်းလို့ သိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်မိကွန်ချမ်းရဲ့ ကျေးလက် ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့်စပ်လျဉ်းပြီး မေးမြန်းထားတဲ့မေးခွန်းအပေါ် မိမိဝန်ကြီး ဌာနအနေနဲ့ များစွာကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပင်လယ်ကမ်းရိုးတန်းနှင့် ထိစပ်လျက်ရှိတဲ့ ဧရိယာတွေဟာ ပင်လယ်ရေငန်များတိုးဝင်တဲ့အတွက်ကြောင့်မို့လို့ မြေပေါ် မြေအောက် ရေချိုအရင်းအမြစ်တွေ အလွယ်တကူရရှိနိုင်ခြင်းမရှိဘဲ ခက်ခဲစွာကြုံဆဆောင်ရွက်ရတဲ့ အနေအထားဖြစ်ပါတယ်။ မြေအောက်စက်ရေတွင်းတွေတူးဖော်ရာမှာလည်း ရေငန်တိုးဝင်မှု(Sea Water Intrusion)ကြောင့် တွင်းတိမ်တွေတူးဖော်၍မရနိုင်ဘဲနဲ့ စက်ရေတွင်းနက်များသာ တူးဖော်ရတာဖြစ်ပြီး ဒေသအလိုက် မြေအောက်ရေချိုရရှိနိုင်တဲ့ အလားအလာအပေါ်မူတည်ပြီး

ဆောင်ရွက်သွားရတာဖြစ်ပါတယ်။ ကျေးလက်ဒေသများ သန့်ရှင်းတဲ့သောက်သုံးရေရရှိရေးလုပ်ငန်းကို မိမိဝန်ကြီးဌာနအောက်မှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ပင်မတာဝန် တစ်ခုအနေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျေးလက်ဒေသပြည်သူတွေ သောက်သုံးရေရှားပါးမှုအခက်အခဲကို ဖြေရှင်းနိုင်ရေးမျှော်မှန်းပြီးတော့ နိုင်ငံတစ်ဝန်းမှာရှိတဲ့ ရေရနိုင် မယ့် ရေအရင်းအမြစ်တွေကို ဖော်ထုတ်အသုံးချပြီး ကျေးလက်ရေပေးဝေရေးလုပ်ငန်း(တွင်းတိမ်တူး ဖော်တာ၊ တွင်းနက်တူးဖော်တာ၊ လက်တူးတွင်းတူးဖော်တာ၊ မြေသားရေကန်တူးဖော်တာ၊ စိမ့်စမ်းရေ သွယ်ခြင်းလုပ်ငန်း)များဆောင်ရွက်ခြင်းနဲ့ အကောင်အထည်ဖော်ပေးလျက်ရှိပါတယ်။ မွန်ပြည်နယ်၊ ပေါင်မြို့နယ်အတွင်းမှာ ၂၀၁၂-၂၀၁၃ ခုနှစ်ကနေပြီးတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း ၂၀ ရွာမှာ ငွေကျပ်သန်းပေါင်း ၂၁၆ သန်းကျော် အကုန်အကျခံပြီး တွင်းနက် ခြောက်တွင်း၊ လက်တူးတွင်းနှစ်တွင်း၊ မြေသားမိုးရေလှောင်ကန် ၁၂ ကန်၊ စိမ့်စမ်းရေသွယ်ခြင်း လုပ်ငန်းတစ်ခု၊ စုစုပေါင်းရေရရှိရေးလုပ်ငန်း ၂၀ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မွမ်းမံရန်ပုံငွေကျပ် ၁၄ သန်းကျော်နဲ့ ဝဲပတန်ကျေးရွာမှာ မြေသားရေကန်အနက်နှိုက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်မှာ အယ်နီညိုရာသီဥတုကြောင့် ပေါင်မြို့နယ်အတွင်း သောက်သုံးရေ ပြတ်လပ်ခဲ့တဲ့ အလှပ်(န)၊ သပြေကုန်း၊ သပြေကုန်း(ခင်တန်း)၊ ကာတဲစု၊ မြလေးချောင်း၊ ဥက္ကံ၊ ညောင်ကုန်းလေး၊ ဝဲပတန်၊ ဘိုင်လောင်း၊ ကျားဘို၊ ကော့ထော်၊ ကဒိုင်၊ တပ်မှူးချောင် (ဘိုင်လောင်း)စသည့် ကျေးရွာတွေကို သောက်သုံးရေဖြန့်ဝေပေးရတဲ့ အခြေအနေရှိပါ တယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာလည်းပဲ မူလခွင့်ပြုရန်ပုံငွေ ကျပ် ၈၀ သန်းကျော်နဲ့ ကျေးရွာကိုးရွာမှာ တွင်းနက်လေးတွင်း၊ မြေသားရေကန် အနက်နှိုက်ခြင်းလုပ်ငန်းလေးခု၊ ဂါလံ ၁၀၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းတစ်ခု၊ စုစုပေါင်းရေရရှိရေးလုပ်ငန်းကိုးခုကို ဆောင်ရွက်ပေးဖို့အတွက် လျာထားစီမံလျက်ရှိပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မေးမြန်းတဲ့ ရေချိုရရှိဖို့ခက်ခဲတဲ့ ပင်လယ်နဲ့နီးစပ်တဲ့ရွာတွေမှာ နွေရာသီရောက်တိုင်း ရေအခက်အခဲကြုံတွေ့နေရတာကို ဖြေရှင်းဖို့ အတွက် စက်တပ်ရေနက်တွင်းကြီးတွေတူးဖော်ဖို့ အစီအစဉ်နဲ့ပတ်သက်ပြီး ပင်လယ်နဲ့နီးတဲ့ကျေးရွာ တွေမှာ ဘူမိရူပနည်းစနစ်နဲ့ မြေအောက်ရေတိုင်းတာစမ်းသပ်မှုအခြေအနေအရ အနက်ပိုင်းရောက် ပါက ရေချိုရရှိရန် အလားအလာနည်းပါးကြောင်း သိရပါတယ်။ ဒါ့အပြင် စက်ရေတွင်းတူးဖော် ရာမှာလည်း သောက်သုံးရေရရှိနိုင်မှုအခြေအနေသိရှိနိုင်ဖို့အတွက် မြေအောက်ရေတိုင်းတာရေးစက်နဲ့

တိုင်းတာဆောင်ရွက်ပေးလျက်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တွေက မိမိတို့ဒေသအတွင်း လိုအပ်ချက်အပေါ်မူတည်ပြီး တိုင်းတာပေးဖို့ ညှိနှိုင်းဆောင်ရွက်လာမှုအပေါ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှာ သက်ဆိုင်ရာတိုင်းဒေသကြီးများရဲ့အဆိုပြုညှိနှိုင်းလာတဲ့အပေါ်မှာ လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ မကွေးတိုင်းနဲ့ မန္တလေးတိုင်းဒေသကြီးတို့မှာ ဆောင်ရွက်ဆဲဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် မွန်ပြည်နယ်အနေနဲ့လည်း ပဲမြေအောက်ရေအတွက် တိုင်းတာပေးရန် အခြေအနေကို အဆိုပြုလာမှုရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ရေချိုရရှိဖို့အလားအလာနည်းတဲ့ဒေသတွေမှာ စက်ရေတွင်းတူးဖော်မယ်ဆိုရင် အငန်ဓာတ်ပေါက်ပြီး ရေချိုမရတတ်တဲ့အတွက် မြေသားရေလှောင်ကန်တူးဖော်ခြင်းကို သို့မဟုတ် ရေချိုရရှိနိုင်တဲ့ အခြားနေရာများမှ ရေရယူခြင်းနည်းလမ်းတို့ဖြင့်ရေချိုရရှိနိုင်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်များမှ ဦးစားပေးအလိုက်ရေးဆွဲတင်ပြလာတဲ့ လုပ်ငန်းတွေကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိစစ်ပြီးနှစ်အလိုက် ရန်ပုံငွေရရှိမှု အပေါ်မူတည်၍ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရသေ့တောင်မြို့နယ်၊ ကျီးကျွန်းတာတမံအား တာပုံစံကျပြုပြင်ခြင်းလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် စက်ယန္တရားများဖြင့် စနစ်တကျပုံဖော်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မက ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ရသေ့တောင်မြို့နယ်၊ အောက်ကျောင်းတောင်ကျေးရွာအုပ်စုမှာရှိတဲ့ ကျီးကျွန်းတာတမံဟာ ၁၉၇၇ ခုနှစ်ကပင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူထိန်းသိမ်းလျက်ရှိတဲ့စီမံကိန်းတာတမံတစ်ခုပဲ ဖြစ်ပါတယ်။ အရှည်မှာ ၃ မိုင် ၆ ဖာလုံရှိပါတယ်။ ၁၉၉၅ ခုနှစ်နောက်ပိုင်း တာတမံမှာ ပြုပြင်ထိန်းသိမ်းမှုအားနည်းလာတဲ့အတွက် ရေငန်များ စီးဝင်လာပါတယ်။ ရေတံခါးများမလုံတာတွေ ဖြစ်လာပါတယ်။ မကြာခဏလည်း ကျိုးပေါက်လာပါတယ်။ ဒါကြောင့် စပါးစိုက်ခင်းများမှာ နှစ်စဉ်လိုလို စပါးများပျက်စီးပြီးတော့ လယ်သမားများမှာ ဆင်းရဲတွင်းနက်သည်ထက်နက်လာတာ ဖြစ်ကြပါတယ်။ တာတမံဆည်ဖို့ထားမှုကို

လေ့လာကြည့်တဲ့အခါမှာ အမှတ်(၁)ကွန်ကရစ်ရေတံခါးကို ၂၀၀၃ ခုနှစ်တွင်လည်းကောင်း၊ အမှတ်(၂) ကွန်ကရစ်ရေတံခါးကို ၂၀၁၃ ခုနှစ်မှာလည်းကောင်း တည်ဆောက်ပေးခဲ့ပါတယ်။ ရေတံခါးရဲ့ တံခါး ရွက်မှာ သစ်သားအညှာစားများဖြင့် တပ်ဆင်ထားတဲ့အတွက် တပ်ဆင်ထားပြီးမကြာခင်မှာပဲ ကျိုးပျက် သွားတာတွေရှိပါတယ်။ ဒီတာတမံကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ခန့်မှန်းကုန်ကျငွေ ကျပ်သန်း ၆၀ ဖြင့် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ရာမှာလည်း စက်အားမပါဘဲ လူလုပ်အားဖြင့် ပြုလုပ်ခဲ့ တဲ့အတွက် မြေသားခိုင်မာမှုမရှိတော့ဘဲ အက်ကွဲကြောင်းများဖြစ်ပေါ်လာရာ ယင်းအက်ကွဲကြောင်း များကို ပျောက်အောင်မပြုလုပ်နိုင်သေးပါ။ ထို့ကြောင့် စပါးစိုက်ပျိုးရာတွင် အဆင်မပြေမှုများ ကြုံတွေ့နေကြရပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျီးကျွန်းတာတမံဆည်ဖို့ခြင်းလုပ်ငန်းကို ၄၅ သန်းဖြင့် ဆည်ဖို့ခဲ့ရာတွင်လည်း ပေ ၁၅၀၀ ခန့်ကို လူလုပ်အားဖြင့် ဆည်ဖို့ခဲ့ခြင်းသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက်သာ မျှော်မှန်းပြီးတော့ အပေါ်ယံလုပ်ဆောင်ခဲ့ခြင်းဖြစ်ပါတယ်လို့ တောင်သူလယ်သမားများက တင်ပြလာခဲ့ကြပါတယ်။ မိုးရာသီတွင် အကြိမ်ကြိမ်ကျိုးပေါက်ကျနေရာ ဖြစ်တဲ့ လပေါ်စားချောင်းမှ အမှတ်(၁)ရေတံခါးအထိ ပေ ၄၀၀၀ခန့်မှ အတွင်းရော၊ အပြင်မှာ ရေစီးချောင်း ကြီး ဖြစ်ပေါ်နေပါတယ်။ ဒါကြောင့် မြေတူးစရာနေရာမရှိတဲ့အတွက် တာရိုးကို ပုံစံတကျဆည်ဖို့ရန် အခက်အခဲရှိနေပါတယ်။ ၎င်းတာရိုးကို သင့်တော်တဲ့နေရာသို့ ရွှေ့ပြောင်းဆည်ဖို့ရန် လိုပါတယ်။ ဤတာတမံကို လူအားဖြင့် ဆည်ဖို့ခဲ့တဲ့အတွက် မြေသားခိုင်မာမှုမရှိခဲ့ပါဘူး။ ဒါကြောင့် တာလမ်းကြောင်းကိုပြောင်းလဲပြီး စက်ယန္တရားဖြင့် ဆည်ဖို့နိုင်မှသာ ခိုင်မာတဲ့တာတမံတစ်ခုဖြစ်လာပြီး ဆားငန်ရေများ ဝင်ရောက်မှုကိုလည်း ကာကွယ်နိုင်ပါလိမ့်မယ်ရှင်။

၎င်းတာတမံအတွက် နိုင်ငံတော်မှ အသုံးပြုနေသည့် ဘဏ္ဍာငွေမှာလည်း အလဟဿမဖြစ်ဘဲ နဲ့ အကျိုးဖြစ်ထွန်းမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျီးကျွန်းတာတမံရေရှည်တည်တံ့ပြီးတော့ လယ်သမား များမှ မိမိပိုင်လယ်များကို စိတ်ချမ်းသာစွာဖြင့် လုပ်ကိုင်စားသောက်နိုင်ရေးနှင့် ပြည်သူ့ဘဏ္ဍာငွေများ ကို အကျိုးရှိရှိစနစ်တကျအသုံးပြုနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် အောက်ပါ မေးခွန်းကို မေးမြန်းအပ်ပါတယ်ရှင်။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ အောက်ကျောင်းတောင် ကျေးရွာအုပ်စုရှိ ကျီးကျွန်းတာတမံကို တာပုံစံကျကျပြုပြင်ခြင်းလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် စက်ယန္တရားများဖြင့် စနစ်တကျပုံဖော်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားပေးမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ အောက်ကျောင်းတောင်ကျေးရွာအနီး မေယုမြစ်ဘေးမှာရှိတဲ့ ကျီးကျွန်းရေငန်တားတာဟာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တည်ဆောက်ထိန်းသိမ်းထားတဲ့ရေငန်တားတာ ဖြစ်ပါတယ်။ အလျားလေးမိုင်ခန့်ရှည်လျားပြီး လယ်ယာမြေဧက ၁၇၀၀ ကျော်ကို ရေဘေးကာကွယ်ပေးထားပါတယ်။ ၂၀၁၅ ခုနှစ် မိုးရာသီမှာ ကိုမန်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်တဲ့အတွက်ကြောင့် မုန်တိုင်းဒီရေမြင့်တက်ပြီး ကျီးကျွန်းရေငန်တားတာမှာ ၂၂ နေရာကျိုးပေါက်မှုဖြစ်ခဲ့ပါတယ်။ ဒါကြောင့် လယ်မြေများ ဆားငန်ရေမဝင်ရောက်စေဖို့အတွက် တာကျိုးပေါက်မှုတွေကို မြေဖို့ပြုပြင်ရန် စီမံဆောင်ရွက်ခဲ့ရာမှာ အဆိုပါတာအစိတ်အပိုင်းများ အတွင်း၊ အပြင်များမှာ ရေတိုက်စားပြီး ချောင်းများဖြစ်ပေါ်နေတဲ့အတွက် မြေယူရန်ခက်ခဲပြီး စက်ယန္တရားတွေဝင်ရောက်ရန် မလွယ်ကူခြင်းကြောင့် လူအားဖြင့်သာ ဆောင်ရွက်ရတဲ့အခြေအနေဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ အဆိုပါ ကျီးကျွန်ရေငန်တားတာအနေနဲ့ မေယုမြစ်ဘေးမှာတည်ရှိတဲ့အတွက် မိုးရာသီတွင် ဒီရေတိုက်စားမှုကို ပြင်းထန်စွာခံစားရတဲ့အလျောက် ရေရှည်တောင့်တင်းခိုင်မာစေဖို့ တာအလျားလေးမိုင်ကို စက်ယန္တရားနဲ့ ပုံစံကျမြေဖို့ပြုပြင်ဆောင်ရွက်နိုင်ရန် လိုအပ်ပါတယ်။ ဤကဲ့သို့ မြေဖို့ပြုပြင်ရာမှာ တာရဲ့ပေတိုင် ၄၀၀၀ ပေမှ ၁၀၀၀၀ ပေအထိ အလျား ၆၀၀၀ ပေခန့်မှာ တာအတွင်းဘက်နှင့် အပြင်ဘက် ရေတိုက်စား၍ ချောင်းများဖြစ်ပေါ်နေတဲ့အတွက်ကြောင့် ဖို့မြေရယူရန်နှင့် စက်ယန္တရားများ ဝင်ရောက်ဆောင်ရွက်ရန် ခက်ခဲတဲ့အတွက် အနောက်ဘက်ကို အူကြောင်းပြောင်းရွှေ့ပြီး ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ အဆိုပါအပိုင်းရဲ့ ပေတိုင် ၆၅၀၀ ခန့်မှာ (၅ ပေ x ၆ ပေ) နှစ်ပေါက်ရေတံခါး တစ်ခုကိုလည်း အသစ်ထည့်သွင်းတည်ဆောက်ရမှာဖြစ်ပါတယ်။

တာအူကြောင်း ပြောင်းရွှေ့ဆောင်ရွက်ရမယ့်အပိုင်းအတွက် တာဖို့မယ့်ဧရိယာ၊ မြေဖို့ယူဖို့ဧရိယာနှင့် မလွတ်ကင်းတဲ့ မြေယာနှင့်သီးနှံများအတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်သည့်ဌာနဆိုင်ရာများ ပေါင်းစပ်ညှိနှိုင်းပြီး ဒေသခံပြည်သူ

တွေနဲ့ ကြိုတင်ကွင်းဆင်းညှိနှိုင်း သဘောတူညီမှုများရယူပြီးတဲ့နောက် မြေယာနှင့်သီးနှံလျော်ကြေးငွေများကို လျာထားသတ်မှတ်ဆောင်ရွက်ပေးရမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျိုးကျွန်ရေငန်တားတာကို ပုံစံကျပြုပြင်ခြင်းလုပ်ငန်းအတွက် တာရဲ့ပေတိုင် ၄၀၀၀ ပေမှ ၁၀၀၀၀ ပေအထိအပိုင်းကို တာအူကြောင်းပြောင်းရွှေ့တည်ဆောက်ခြင်းနှင့် (၅ ပေ x ၆ ပေ) နှစ်ပေါက်ရေတံခါးတစ်ခု တည်ဆောက်ခြင်း၊ ပေတိုင် ၀ မှ ၄၀၀၀ အပိုင်းနှင့် ပေတိုင် ၁၀၀၀၀ မှ ၂၁၁၂၀ အပိုင်းများကို ပုံစံကျမြေဖို့ပြုပြင်ခြင်း၊ ပေတိုင် ၁၀၀၀၀ နှင့် ပေတိုင် ၁၃၀၀၀ ပေရှိ မူလရှိပြီးတဲ့ ရေတံခါးနှစ်ခုကို ရေတံခါးရွက်များပြုပြင်ခြင်းစတဲ့လုပ်ငန်းများကို ဆောင်ရွက်သွားရမှာ လုပ်ငန်းများရှိလာမည် ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ရသေ့တောင်မြို့နယ်ရှိတဲ့ ကျိုးကျွန်ရေငန်တားတာကို စက်ယန္တရားတွေနဲ့ ပုံစံကျပြုပြင်တည်ဆောက်ခြင်းနှင့် ရေတံခါးတစ်ခု ထည့်သွင်းတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့အတွက် ဒေသခံလယ်သမားများနှင့် သဘောတူညီမှုရရှိလို့ရှိရင် တည်ဆောက်မှုကုန်ကျစရိတ်၊ မြေယာသီးနှံလျော်ကြေးများ စုပေါင်းတွက်ချက်ပြီး လိုအပ်တဲ့ရန်ပုံငွေကို တင်ပြတောင်းခံမှုနှင့်အတူ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားနိုင်မည့်အကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်းမေးခွင့်ပြုပါရှင်။ အခုလို ဝန်ကြီးကဖြေသွားတာကိုလည်း ကျွန်မအနေနဲ့ အထူးကျေးဇူးတင်ရှိပါတယ်။ ဒီတာတမံကို တာပုံစံကျကျလုပ်နိုင်ဖို့ လယ်သမားတွေကတော့ ဆန္ဒရှိနေကြပါတယ်။ ဒါပေမဲ့ ကျွန်မတို့က ဒီပြည်နယ်ဘတ်ဂျက်ဆိုတာက ကျွန်မတို့အမြဲတမ်းကတိကဝတ်တွေ ဖြစ်ပါတယ်။ ဟိုတလောကလည်း အိုးခေါက်ဆိပ်ခံတံတားကို မေးတုန်းကလည်း ဒီဟာကို မဖြစ်မနေ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာပေးခဲ့မယ်လို့ကတိရှိခဲ့ရဲ့သားနဲ့ ကျွန်မတို့ရဲ့ရခိုင်ပြည်နယ်ဘတ်ဂျက်နည်းတဲ့အတွက် ထည့်ပေးမှုမရှိသေးပါဘူး။ အခုလည်း ကျွန်မတို့က ရခိုင်ပြည်နယ်ဘတ်ဂျက်ကနေပြီးတော့ ဒီဟာတွေကို တိုင်းတာပြီးတော့ လုပ်ပေးမယ်လို့ အဖြေကို ရရှိခဲ့ပါတယ်။ တကယ်လို့များ လယ်သမားတွေအတွက် ဒီတာတမံဟာ အင်မတန်မှအရေးကြီးပါတယ်။ အဲဒီအတွက်ကြောင့် တကယ်လို့များ ပြည်နယ်ဘတ်ဂျက်ကများ မပါခဲ့ဘူးဆိုလို့ရှိရင် ပြည်ထောင်စုဘတ်ဂျက်ကများ ထည့်ပေးနိုင်ခွင့်ရှိ/မရှိကို ကျွန်မအနေနဲ့မေးချင်ပါတယ်။ နောက်တစ်ခုကတော့ လယ်သမားတွေနဲ့ မြေပြင်မှာ ဆင်းပြီးတော့ လုပ်ဖို့အတွက် ဝန်ကြီးကပြောသွားတာ

လည်းရှိပါတယ်။ အဲဒီအတွက်ကြောင့်လည်း ကျွန်မတို့လွှတ်တော်ပြီးလို့ရှိရင် ဒီတာတမံကို တာပုံစံကျကျရအောင်အတွက် ကျွန်မအနေနဲ့ လယ်သမားတွေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးမယ်ဆိုတဲ့ အကြောင်းကိုလည်း ပြောချင်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဒေါ်ခင်စောဝေရဲ့ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး ပြန်လည်ဖြေကြားပေးပါ့မယ်။ တောင်သူတွေကို မြေယာအတွက် လျော်ကြေးနဲ့ မြေယာလျော်ကြေးအပါအဝင် လိုအပ်တဲ့ပုံစံတကျတည်ဆောက်မယ့် လုပ်ငန်းတွေအတွက် နိုင်ငံတော်ဘတ်ဂျက်ကနေပြီးတော့ ကျခံဆောင်ရွက်သွားရမယ့်အခြေအနေမှာ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့နဲ့ ဦးစီးဌာနကျွန်တော်တို့ညှိနှိုင်းပါမယ်။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ရဲ့ ဘဏ္ဍာရန်ပုံငွေအကန့်အသတ်ရှိတယ်ဆိုရင်တော့ လာမယ့် ၂၀၁၈-၂၀၁၉ ပြည်ထောင်စုရဲ့ ဘတ်ဂျက်မှာ ထည့်သွင်းလျာထားပြီးတော့ ရန်ပုံငွေခွဲဝေရရှိလာတဲ့အလျောက် ကျွန်တော်တို့ အကောင် အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**မြင်းခြံမြို့နယ်၊ ဘိုးဘွားပိုင်မြေကွက် အမှတ်(၇)ရပ်ကွက်၊ အကွက်အမှတ်(၁၉)၊ ကွေ့ကြီးအရှေ့၊ ဦးပိုင်အမှတ်(၂၀)၊ ဧရိယာ(၀.၆၂)ဧကပေါ်ရှိ နှစ်ထပ်တိုက်နှင့် ဂိုဒေါင်အဆောက်အအုံကို မူလပိုင်ရှင်များထံသို့ ပြန်လည်လွှဲပြောင်းပေးမည့် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြင်းခြံမဲဆန္ဒနယ်မှ ဦးသက်လွင်(ခ)ပေါ်ခင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသက်လွင်(ခ)ပေါ်ခင်(မြင်းခြံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မြင်းခြံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသက်လွင်(ခ)ပေါ်ခင် ဖြစ်ပါတယ်။ ပြည်သူပိုင်သိမ်းဆည်းခံ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ်(၇)ရပ်ကွက်၊ အကွက်အမှတ်(၁၉)၊ ကွေ့ကြီးအရှေ့၊ ဦးပိုင်အမှတ်(၂၀)၊ ဧရိယာ(၀.၆၂)ဧကပေါ်ရှိ ဘိုးဘွားပိုင်မြေကွက် နှစ်ထပ်တိုက်နှင့် ဂိုဒေါင်အဆောက်အအုံကို မူလ ပိုင်ရှင်များထံသို့ ပြန်လည်လွှဲပြောင်းပေးမည့်အစီအစဉ်ရှိ/မရှိကို သိလိုခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ဖော်ပြပါမြေနှင့် အဆောက်အအုံကို ၁၉၆၄ ခုနှစ်မှာ ပြည်သူပိုင်အသိမ်းခံရပြီး ရေချို၊ ရေငန်ထွက်ပစ္စည်းအရောင်းဆိုင် အဖြစ် ကုန်သွယ်ရေးဦးစီးဌာနက အသုံးပြုခဲ့ပါတယ်။ ၁၉၇၀ ခုနှစ်၊ ကုန်သွယ်ရေးဦးစီးဌာန ပြည်သူ့ ဆိုင်များဖျက်သိမ်းပြီး သမဝါယမအသင်းက ရေချို၊ ရေငန်ထွက်ပစ္စည်းအရောင်းဆိုင်နှင့် ဝန်ထမ်း သက်သာဆိုင်အဖြစ် အသုံးပြုခဲ့ပြန်ပါတယ်။ ၁-၉-၁၉၇၃ ခုနှစ်မှစ၍ လစဉ် ၂၀၀ ကျပ်နှုန်းဖြင့် မြို့နယ် သမဝါယမအသင်းက ငှားရမ်းအသုံးပြုခဲ့ပါတယ်။ ၂၇-၅-၁၉၇၇ ရက်နေ့တွင် ကုန်သွယ်ရေးဝန်ကြီး ဌာန၊ ကုန်သွယ်ရေးဦးစီးဌာနကိုယ်စား မန္တလေးတိုင်းကုန်သွယ်ရေးမန်နေဂျာက မူလပိုင်ရှင်ဖြစ်တဲ့ ဒေါ်မိမိအား ပုံစံ(၃)ဖြင့် အသိသက်သေများရှေ့မှောက်မှာ တရားဝင်စာရွက်စာတမ်းများဖြင့် နိုင်ငံတော်က အသုံးမပြုတော့တဲ့အတွက် ပြန်လည်ပေးအပ်ခဲ့ပါတယ်။ လက်ရောက်ပေးအပ်ခဲ့ခြင်း မဟုတ်ဘဲ စာရွက်ပေါ်တွင်သာ ပေးခဲ့ခြင်းဖြစ်ပါတယ်။ သမဝါယမအသင်းက ဆက်လက်အသုံးပြုပါ တယ်။ တစ်ဖန် သမဝါယမအသင်းက အသုံးမပြုတော့တဲ့အခါ ဆုမွန်ရတနာအထွေထွေရောင်းဝယ်ရေး က ဆွမ်းထွက်ပစ္စည်းအရောင်းဆိုင်အား တစ်လလျှင် ကျပ် ၆၀၀၀၀ ဖြင့် တစ်ဆင့်အငှားချထားပြီး မူလ ပိုင်ရှင်ကို ၂၀၀ ကျပ်မှ ၅၀၀ ကျပ်သို့ တိုးမြှင့်ပေးခဲ့ပါတယ်။ ယခုလက်ရှိတွင် ယင်းမြေကွက်နှင့် အဆောက်အအုံမှာ အငှားချထားခြင်းမရှိဘဲ ပိတ်သိမ်းထားသည်မှာ သုံး၊ လေးနှစ်ခန့်ရှိပြီလို့ သိရပါ တယ်။ အိမ်လခလည်း မရရှိတော့ပါဘူး။ မြင်းခြံမြို့နယ်၊ သမဝါယမအသင်းစုဥက္ကဋ္ဌကို သွားရောက် တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ ယင်းမြေကွက်နှင့် အဆောက်အအုံအား ငှားရမ်းခြင်း၊ သုံးစွဲခြင်းမပြုတော့ ရန် အထက်မှ ညွှန်ကြားထားပါကြောင်း သမဝါယမအသင်းစုက ထိန်းသိမ်းထားခြင်းသာဖြစ်ကြောင်း သိရှိရပါတယ်။ အဆောက်အအုံမှာလည်း ပျက်စီးယိုယွင်းစပြုနေပါပြီ။ အချုပ်အားဖြင့်ဆိုသော် ပုံစံ(၃) ဖြင့် တရားဝင်လွှဲပြောင်းပေးအပ်ခဲ့သည်ဆိုသော်လည်း လက်ရောက်ပေးအပ်ခဲ့ခြင်းမဟုတ်ပါ။ စာရွက် ပေါ်တွင်သာ ပေးအပ်ခဲ့ခြင်းဖြစ်ပါတယ်။ အစိုးရအဆက်ဆက်အိမ်ရှင်၊ အိမ်ငှားပုံစံမျိုး သက်ရောက်စေ ခြင်းသာ ဖြစ်ပါတယ်။

ဒုတိယပိုင်းအနေနဲ့ ပိုင်ရှင်မိသားစုတို့အကြောင်း ပြောပြလိုပါတယ်။ သူတို့ရဲ့ဘိုးဘွားပိုင်မြေနဲ့ အဆောက်အအုံ၊ နေအိမ်၊ ဆိုင်ခန်းကို လက်လွှတ်ဆုံးရှုံးစွန့်ခွာလာခဲ့ရတာ နှစ်ပေါင်း ၅၀ ကျော်ပါပြီ။ မိဘနှစ်ပါးနှင့် သမီးလေးယောက်ပါ။ သားယောကျ်ားလေးမပါပါဘူး။ သူတို့ရဲ့နေအိမ်၊ ဆိုင်ခန်းကို ပြည်သူပိုင်သိမ်းလိုက်တော့ သူတို့တိုက်ပေါ်ကဆင်းပြီး တဲပေါ်ရောက်သွားကြပါတယ်။ ချမ်းသာကုန်း ကိုရောက်သွားပါတယ်။ ချမ်းသာကုန်းရပ်ကွက်ပါ။ ဟိုတုန်းက မရှိန္ဓမ်းပါးအများစုနေထိုင်ကြတဲ့

ရပ်ကွက်ပါ။ ကျိန်းကျေအောင် ချမ်းသာကုန်းလို့ခေါ်ကြတာပါ။ (၁၀)စုနှစ်များစွာ ယခုထိ အိမ်ငှား အဖြစ်နေထိုင်ရတုန်းပဲဖြစ်ပါတယ်။ မိန်းမသားများလည်းဖြစ်ပြန် ငွေကြေးကလည်း မတတ်နိုင်တာမို့ မိမိတို့ရဲ့ဆုံးရှုံးနေတဲ့ဝိုင်းမြေနဲ့အဆောက်အအုံကို ပြန်လည်ရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ကြပါဘူး။ အားကိုးရာမဲ့ဖြစ်နေတာပါ။ မိဘများလည်း ကွယ်လွန်ကြပါပြီ။ မိဘများ၊ သမီးများ၊ မြေးများအထိ မျိုးဆက်သုံးဆက်ဆင်းရဲချို့တဲ့စွာနေထိုင်ကြရတာပါ။ ဒါဟာ တတိယအရွယ်ထဲရောက်စပြုပြီဖြစ်တဲ့ သမီးများနဲ့ မြေးများရဲ့ တစ်ခုတည်းသော နောက်ဆုံးမျှော်လင့်ချက်ပါ။ နိုင်ငံတော်ကလည်း နှစ်ပေါင်း ၅၀ ကျော်အသုံးပြုခဲ့ပြီး ယနေ့အသုံးမပြုတော့တဲ့အတွက် နှစ်ရှည်လများ လူမှုရေး၊ စီးပွားရေးအဘက် ဘက်က နစ်နာနေတဲ့မိသားစုဘဝကို ထောက်ထားငဲ့ညှာသောအားဖြင့် အရှုပ်အရှင်းလုံးဝမရှိဘဲ ပိုင်ရှင် ဒေါ်မိအမည်ပေါက် ဘိုးဘွားပိုင်ဝိုင်းမြေနှင့် အဆောက်အအုံကို မူလပိုင်ရှင်များလက်ဝယ်သို့ ပြန်လည် လွှဲပြောင်းပေးအပ်ချိန်တန်ပါပြီလို့ ပြောလိုပါတယ်။

သို့ဖြစ်ပါ၍ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ် ပါတယ်။ မေးခွန်း(၁) ပြည်သူပိုင်သိမ်းဆည်းခံမြင်းခြံမြို့နယ် အမှတ်(၇)ရပ်ကွက်၊ အကွက်အမှတ် (၁၉)၊ ကွေ့ကြီးအရှေ့၊ ဦးပိုင်အမှတ်(၂၀) ဧရိယာ ၀.၆၂ဧကပေါ်ရှိ နှစ်ထပ်တိုက်နှင့် ဂိုဒေါင်အဆောက်အအုံ ကို မူလပိုင်ရှင်များသို့ ပြန်လည်လွှဲပြောင်းပေးမည့်အစီအစဉ်ရှိ/မရှိ၊ ရှိပါက ပိုင်ရှင်များက မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ရမည်ကို လမ်းညွှန်မှုပေးရန်နှင့် မရှိဆိုပါက အဘယ်ကြောင့်မရှိပါသနည်း။ မေးခွန်း(၂) မြန်မာနိုင်ငံအနှံ့ယခုကဲ့သို့ ပိုင်ရှင်အမည်ပေါက် ဘိုးဘွားပိုင်မြေနှင့် အဆောက်အအုံများ ကို သမဝါယမအသင်းစုက ငှားရမ်းခြင်း၊ သုံးစွဲခြင်းတို့ကိုမပြုတော့ဘဲ ထိန်းသိမ်းနေမည့်အစား မူလ ပိုင်ရှင်များကို ပြန်လည်လွှဲပြောင်းပေးအပ်မည့်အစီအစဉ်ရှိ/မရှိ၊ ရှိပါက မူလပိုင်ရှင်များက မည်သို့ ဆက်သွယ်ဆောင်ရွက်ရမည်ကို လမ်းညွှန်မှုပေးရန်၊ မရှိပါက အဘယ်ကြောင့်မရှိပါသနည်းကို လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေး

တိုင်းဒေသကြီး၊ မြင်းခြံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်လွင်(ခ)ဦးပေါခင်ရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ပြန်လည်ဖြေကြားပေးပါမယ်။ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ အမှတ်(၇/၁၅၄)၊ အမှတ်(၇)ရပ်ကွက်၊ မြို့မဈေးကြီးအရှေ့ဘက်(၃၂ ပေ x ၄၉ ပေ) သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်းနှစ်ထပ်အဆောက်အဦးနှင့် မြေဧရိယာ ၀.၀၆၂ ဧကကို ၁၉၆၄ ခုနှစ်မှာ ပဆ-၉၉၅၉ နဲ့ ပြည်သူပိုင်သိမ်းယူခဲ့ပြီးတော့ ကုန်သွယ်ရေးမှအသုံးပြုခဲ့ကြောင်း စိစစ်သိရှိရပါတယ်။ ၁၉၇၇ ခုနှစ်မှာ ကုန်သွယ်ရေးက မူလပိုင်ရှင်ဦးမြင့်သန်း၊ ဒေါ်မိမိအမည်နဲ့ ပုံစံ(၃) ထုတ်ပေးခဲ့ကြောင်းကိုလည်းပဲ တွေ့ရှိရပါတယ်။

အဆိုပါ ပြည်သူပိုင်သိမ်းအဆောက်အအုံကို ၁၉၇၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှာ ကုန်သွယ်ရေးထံကနေပြီးတော့ မြင်းခြံမြို့နယ်သမဝါယမအသင်းက လွှဲပြောင်းရရှိခဲ့ပြီး အရောင်းဆိုင် အဖြစ် အသုံးပြုခဲ့ပါတယ်။ ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေအရ မြင်းခြံမြို့နယ် သမဝါယမ အသင်းကို ဆုမွန်ရတနာ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်အဖြစ် ပြန်လည် ဖွဲ့စည်းပြီးတဲ့နောက် ၎င်းအဆောက်အအုံကို ပွဲရုံလုပ်ငန်းနှင့်စိုက်ပျိုးရေးဆိုင်အဖြစ် အသုံးပြုခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ၂၀၀၉ ခုနှစ်မှာ တစ်လငှားရမ်းခ ၆၆၀၀၀ နဲ့ နိုင်ငံတော်ဝင်ငွေပေးသွင်းခဲ့ပြီး တော့ ၂၀၁၁ ခုနှစ် မေလအထိ အသုံးပြုခဲ့ပါတယ်။ အဆိုပါ ပြည်သူပိုင်သိမ်းအဆောက်အအုံဟာ သမဝါယမဦးစီးဌာနမှ စီမံခန့်ခွဲလျက်ရှိတဲ့ ပြည်သူ့ပိုင်သိမ်းအခန်း/အဆောက်အအုံများစာရင်းတွင် ပါဝင်ပြီးလက်ရှိမှာ သော့ခတ်ပိတ်သိမ်းထားမှုရှိကြောင်း တွေ့ရှိရပါတယ်။

မူလပိုင်ရှင်အနေနဲ့ ပြန်လည်တောင်းခံလျက်ရှိတဲ့ ပြည်သူပိုင်အခန်းအဆောက်အအုံတွေနဲ့ စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ရက်စွဲပါစာမှာပါတဲ့၊ ပြည်သူပိုင်သိမ်းဆည်းခဲ့တဲ့ မရွှေ့မပြောင်းနိုင်သောပစ္စည်းတွေကို မူလသက်ဆိုင်သူနဲ့ဆက်ခံသူတွေကို ပေးအပ်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ဥပဒေအရ ပြန်လည်လွှဲပြောင်းပေးနိုင်ရေးဆောင်ရွက်နိုင်ခြင်းမရှိပါ ကြောင်းနှင့် နိုင်ငံပိုင်သိမ်းဆည်းထားတဲ့ပစ္စည်းများ၊ အိမ်ရာစီမံကိန်းများရှိ အဆောက်အဦများနှင့် မြေယာကွက်များ၊ စီမံခန့်ခွဲမှုကော်မတီမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ထုခွဲရောင်းချရာတွင် မူလ သက်ဆိုင်သူ သို့မဟုတ် ပိုင်ဆိုင်သူကိုယ်တိုင် ဦးစားပေးဝယ်ယူခွင့်ရရှိရေးဆောင်ရွက်ရန်ဖြစ်ကြောင်း မှုချမှတ်ထားချက်အရ ၎င်းမူအတိုင်းဆောင်ရွက်လျက်ရှိပါတယ်။ သမဝါယမစီမံခန့်ခွဲခွင့်အရ ပြည်သူ ပိုင်သိမ်းအခန်းအဆောက်အအုံတွေကို မူလပိုင်ရှင်များ၊ မူလပိုင်ရှင်ရဲ့ဆက်ခံသူများက တင်ပြတောင်းခံ ခြင်းနဲ့စပ်လျဉ်း၍ မိမိတို့ဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးမှာ မြင်းခြံမြို့နယ်၊ အမှတ်

(၇/၁၅၄)၊ အမှတ်(၇)ရပ်ကွက်၊ မြို့မဈေးကြီးအရှေ့ဘက်မှာရှိတဲ့ ပြည်သူပိုင်သိမ်းအဆောက်အအုံ (ပဆ-၉၉၅၉)အပါအဝင် ပြည်သူပိုင်သိမ်းအခန်း/အဆောက်အအုံ ၇၁ ခုကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်ရဲ့မူများနှင့်အညီ စိစစ်ဆောင်ရွက်၍ တင်ပြရန် ဆုံးဖြတ်ခဲ့တဲ့အလျောက် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်သို့ အသေးစိတ်အချက်အလက်များနှင့် တင်ပြထားပြီးဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် ပြည်သူပိုင်သိမ်းအခန်း/အဆောက်အဦစီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်းပြီး ပုဂ္ဂလိကပိုင် ကော်မရှင်ရဲ့မူနဲ့ညွှန်ကြားချက်များရပါက ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့၊ မေးခွန်းမှာပါဝင်တဲ့ မည်ကဲ့သို့ဆက်လက်ဆောင်ရွက် ရမည်ဆိုတဲ့ အကြောင်းအခြင်းအရာနှင့်စပ်လျဉ်းပြီး မူလပိုင်ရှင်အနေနဲ့ ပုဂ္ဂလိကပိုင်ပြုလုပ်၍ ကော်မရှင်သို့ ဆက်လက်လျှောက်ထားဆောင်ရွက်သွားဖို့သင့်ပါကြောင်း အကြံပြုဖြေကြားအပ်ပါ တယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီမေးခွန်းတွေနဲ့ပတ်သက်လို့ ကျွန်တော်တို့ကိုယ်စားလှယ်တွေ သတိပြုဖို့လို ပါတယ်။ မေးခွန်းနဲ့စပ်လျဉ်းပြီးတော့ ကန့်သတ်ချက်မှာဆိုလို့ရှိရင် ဥပဒေဆိုင်ရာပြဿနာတွေကို ဖြေရှင်းတောင်းဆိုခြင်း၊ မေးခွန်းမမေးရဘူးဆိုတာရှိပါတယ်။ ဒါတွေက ဥပဒေဆိုင်ရာပြဿနာတွေ၊ ခုနက ဝန်ကြီးဌာနက ရှင်းသလိုပဲ။ တကယ်တော့ ဝန်ကြီးဌာနကို ကာယကံရှင်က တင်ပြလျှောက်ထား ပြီးတော့ တကယ်လို့မေးခွန်းကိုမေးမယ်ဆိုလို့ရှိရင်လည်း မူသဘောကို မေးရမယ်။ ဥပမာဆိုလို့ရှိရင် ပြည်သူပိုင်တွေအားလုံးကို ပြန်ပေးနိုင်ခြင်းရှိ/မရှိ စသည်ဖြင့်ပေါ့။ ကိစ္စလေးတစ်ခုချင်းတစ်ခုချင်းဆို ပြည်သူပိုင်သိမ်းထားတာတွေက အများကြီး။ အဲဒီလိုကိစ္စလေးတစ်ခုချင်းတစ်ခုချင်း၊ ပုဂ္ဂလိကကိစ္စ တစ်ခုချင်းတစ်ခုချင်းကို မေးခွန်းမေးမယ်ဆိုရင် လွှတ်တော်မှာမေးခွန်းပေါင်း သောင်းခြောက်ထောင် ဖြစ်သွားလိမ့်မယ်။ ဒါကို ကျွန်တော်တို့မေးခွန်းမေးတဲ့ ကိုယ်စားလှယ်တွေက သတိပြုဖို့လိုပါတယ်။ (၁)က သတ်မှတ်ချက်အတိုင်းပဲ ဥပဒေဆိုင်ရာပြဿနာတွေကို ဖြေရှင်းတောင်းဆိုခြင်း မပြုရဘူး။ (၂)က ကိစ္စလေးတွေကို မမေးရဘူး။ ဒီလိုသတ်မှတ်ထားတာ ရှိပါတယ်။ ဒါကို ကျွန်တော်တို့ ကိုယ်စားလှယ်များ နည်းနည်းသတိပြုပေးကြပါ။ မေးခွန်းများဖြေကြားပြီးတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**မူကြမ်း**

# ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်ခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ တင်သွင်းခဲ့တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော် ကိုယ်စားလှယ်နှစ်ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမအတွင်းရှိ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။ ပြည်သူ့ လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဉာဏ်ဟိန်းက ထောက်ခံခြင်း၊ ဖြည့်စွက်အကြံပြုခြင်းများဖြင့် ဆွေးနွေးတင်ပြသွားပါမယ်။ အစီရင်ခံစာသည် ဖွဲ့စည်းပုံမှသည် တာဝန်၊ ဝတ္တရား၊ နိဂုံးအထိကို အလွန်ပြည့်စုံကောင်းမွန်လှပါတယ်။ တကယ်မို့လို့များ ကော်မတီရဲ့အရှေ့ပိုင်းမှာ ရည်ရွယ်ချက်ကလေးကိုပါ ထည့်သွင်းဖော်ပြလိုက်မယ် ဆိုပါက ကျွန်တော် ဒီ့ထက်ပိုပြီးတော့ ချီးမွမ်းမိမယ်လို့ ထင်ပါတယ်။ ဒုတိယအချက်အနေနဲ့ တိုင်စာများ ကိစ္စများကို သက်ဆိုင်ရာကို တလေးတစားပြန်ကြားပေးတာတွေ၊ သက်ဆိုင်ရာဌာနတွေကို ပို့ပေးတာ တွေကို တွေ့ရတဲ့အတွက် ပြည်သူလူထုကိုယ်စားလည်း ကျေးဇူးအထူးတင်မိပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော်တို့ ပြည်သူလူထုကြားမှာ ကြားခဲ့ရတာက တိုင်ထားတာတော့ကြာပြီ အခုထက်ထိ ဘာမှလည်း ပြန်မလာဘူးဆိုတဲ့ အသံမျိုးတွေကို ရှေ့ကကြားခဲ့ရလို့ ဖြစ်ပါတယ်။ အဲဒီလိုမျိုး တလေး တစားပြန်ကြားစားဟာ သူတို့အတွက်ကို အမှောင်ထုထဲမှာ စမ်းတဝါးဝါးလျှောက်ရာက လျှပ်စီးလက် လိုက်သလို ဖြစ်ပါတယ်။ တကယ်မို့လို့များ ဒီတိုင်စာ၊ အသနားခံစာများနှင့်ပတ်သက်ပြီးတော့ ဆိုင်ရာဌာနကို လုပ်ငန်းပြီးစီးမှုအခြေအနေကို မပြတ်မေးမြန်းပေးနိုင်မယ်ဆိုလို့ရှိရင် ပိုလို့ နေ့အလင်းရောင်ရတဲ့သဖွယ် ပြည်သူလူထုမှာ အားကိုးရာရရမှာဖြစ်ပါတယ်။

နောက် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့အချက်ကြောင့် ဒီကော်မတီဟာ ကဏ္ဍစုံကို ကိုင်တွယ်ထားရတဲ့ကော်မတီလို့လည်း ပြောနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျေးလက်လူမှုဦးရေ

ဟာ ၇၀ ရာခိုင်နှုန်းရှိနေတဲ့အတွက်ကြောင့် ကျေးလက်လူမှုဘဝဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး အစုံသည် ကော်မတီမှာ ဆောင်ရွက်ပေးရမယ့် ဝတ္တရားတွေရှိနေသလို လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့ ဒီအတွက်ကို ကော်မတီက ဆောင်ရွက်ပေးနိုင်ဖို့အတွက်ကိုလည်းပဲ လေ့လာရေးခရီးစဉ်များအဖြစ် ထိုင်းနဲ့ဂျပန် နှစ်နိုင်ငံကို သွားရောက်လေ့လာခဲ့တာကို တွေ့ရှိရပါတယ်။ ဒီလိုကဏ္ဍကျယ်ပြန့်တဲ့အတွက်ကြောင့် ဒီထက်ပိုပြီးတော့တောင် များများသွားရောက်လေ့လာသင့်တယ်လို့ အကြံပြုလိုပါတယ်။ အဲဒီအပြင်ကို တကယ်လက်တွေ့ကျတဲ့ ပြည်တွင်းခရီးစဉ်များကိုတော့ဖြင့် တစ်ခေါက်မှ သွားလာထားတာကို မတွေ့ရှိရပါဘူး။ ဒါကြောင့် လက်တွေ့ကျတဲ့ ပြည်တွင်းခရီးစဉ်တွေကိုလည်း သွားလာဖို့အတွက် အကြံပြုပါတယ်။ သို့သော်လည်းပဲ ကော်မတီက လာမယ့်နှစ်မှာတော့ဖြင့် စနေ၊ တနင်္ဂနွေပိတ်ရက်များမှာ အခြေခံကျတဲ့ဆီကို လေ့လာမယ်လို့ ဖော်ပြထားတာ တွေ့ရှိရပါတယ်။ နောက်တစ်ချက် အဲဒီလိုလေ့လာတဲ့နေရာမှာ ကျွန်တော် အကြံပြုချင်တာက ဖိတ်ကြားတဲ့နေရာကိုလည်း လေ့လာ၊ နောက် ကျွန်တော်တို့ ရွေးခေတ်ဘုရင်တွေ ရုပ်ဖျက်ပြီးတော့ ပြည်သူကြားမှာ စနည်းနာသလိုမျိုးလည်း လေ့လာသင့်တယ်လို့ အကြံပြုချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တချို့ကိစ္စတွေမှာ ပတ်တီးပုတ်ပြီးတော့မှ၊ ထုံးသုတ်ပြီးတော့မှ ဖော်ပြတဲ့ဟာမျိုးတွေရှိတတ်လို့ပါ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ တကယ်လက်တွေ့ကျတဲ့ SME လုပ်ငန်းလည်းဖြစ်တဲ့ စီမံကိန်းကြီးတစ်ခုရှိပါတယ်။ အဲဒီဟာက ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်ကိုလည်းပဲ အမှန်တကယ်အထောက်အပံ့ပြုနိုင်တဲ့ စီမံကိန်းဖြစ်ပါတယ်။ ဘာလဲဆိုရင် မြစိမ်းရောင်ကျေးလက်စီမံကိန်းဖြစ်ပါတယ်။ အဲဒီစီမံကိန်းမှာ တတိယအကြိမ်မြောက်စီမံကိန်းလက်စွဲကိုကြည့်ရင် စာမျက်နှာပေါင်း ၇၀ ကျော်ပြီးတော့ တော်တော့်ကို စုံစုံစေ့စေ့နဲ့ပြည့်စုံနေတာကို တွေ့ရပါတယ်။ သို့သော်လည်းပဲ အမှန်တကယ်ရော ဒီလုပ်ငန်းကြီးက ပြည်သူလူထုကြားမှာ အောင်မြင်နေသလားဆိုတာတော့ ပြန်လည်ဆန်းစစ်ပေးဖို့ လိုပါတယ်။ နိုင်ငံတော်ရဲ့ရန်ပုံငွေနဲ့ အကောင်အထည်ဖော်ထားတာ ဖြစ်ပါတယ်။ မြို့နယ်ဦးစီးမှူးဖြစ်တဲ့ ကျေးလက်စိုက်ပျိုးမွေးမြူရေးဌာန နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနကနေပြီးတော့ ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ သူတို့တစ်တွေလည်း တကယ်ကိုကျေးရွာအရောက်ဆင်းပြီးတော့ ကြပ်မတ်ပေးပါတယ်။ ဒါပေမဲ့လို့ ကျွန်တော်တို့ အားရစရာတော့မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ တစ်ဦးကိုနှစ်သိန်းဝန်းကျင်ပဲ ပေးနိုင်တာတွေ၊ နောက် ကျေးရွာရွေးချယ်တဲ့နေရာမှာလည်းပဲ အိမ်ခြေ ၈၀ ကနေပြီးတော့ ၃၀၀ ကြား ဒီလိုသတ်မှတ်တာတွေ ရှိပါတယ်။ တချို့ဒေသတွေက အိမ်ခြေနည်းပေမဲ့လို့ စီးပွားဖြစ်နေကြပြီးတော့

အိမ်ခြေ ၃၀၀ အထက်ဖြစ်ပေမဲ့လို့ အမှန်တကယ်ကို လုပ်ငန်းကိုင်ငန်း အခွင့်အလမ်းမရှိလို့ ဆင်းရဲတဲ့ ကျေးရွာတွေလည်း ရှိပါတယ်။ အဲဒီတော့ ဒီအပေါ်မှာ ပြန်လည်သုံးသပ်စေချင်ပါတယ်။ အောင်မြင်တာကို ဧရာဝတီတိုင်းဒေသကြီးမှာ ဖတ်ရပါတယ်။ ဧရာဝတီတိုင်းဒေသကြီးရဲ့ ကျေးလက်ဒေသတွေ၊ မြစိမ်းရောင်စီမံကိန်းအောင်မြင်ဆိုပြီးတော့ သတင်းမှာ ဖတ်ရပါတယ်။ အဲဒီနဲ့ သိပ်မကွာတဲ့နေရာမှာ ပဲပေါ့လေ။ မြဝတီဘက်မှ ထိုင်းနိုင်ငံက သကြား၊ ကြက်၊ ဝက်အရှင် ဝင်ရောက်နေပြီဆိုတဲ့ သတင်းမျိုးလည်း တွဲလျက်ဖတ်ရတော့ ကျွန်တော်တို့ အောင်မြင်နေတယ်ဆိုတာ ဘာကိုပြောတာလဲဆိုတာ ပြန်ဆန်းစစ်ဖို့ လိုပါတယ်။ အဲဒါတွေကို ကော်မတီက လာမယ့်ကာလများမှာ ကြပ်ကြပ်မတ်မတ် လေ့လာဆန်းစစ်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနများကို ပေါင်းစပ်ညှိနှိုင်းပြီးရင်ဖြင့် ကျွန်တော်တို့ ပြည်သူလူထုဘဝ ဖွံ့ဖြိုးတိုးတက်ဖို့ အမှန်ဖြစ်လာမှာဖြစ်ကြောင်း တင်ပြရင်းနဲ့ အစီရင်ခံစာကို အပြည့်အဝထောက်ခံအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မအူပင်မဲဆန္ဒနယ်က ဦးစိန်ဝင်း ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာအပေါ်မှာ ထောက်ခံ အကြံပြုဆွေးနွေးသွားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီကော်မတီရဲ့တာဝန်ပိုင်းရယ်၊ တိုးတက်ရေးနှင့်သက်ဆိုင်တဲ့ ထုတ်လုပ်မှုအပိုင်းရယ်၊ လုပ်ငန်းစဉ်နဲ့ပတ်သက်တဲ့ သုံးသပ်ချက်ရယ် အဓိကအချက်သုံးချက်ကိုပဲ ကန့်သတ်ထားတဲ့ခြောက်မိနစ်အတွင်းမှာ ကျွန်တော် ဆွေးနွေးမှာ ဖြစ်ပါတယ်။ ကော်မတီရဲ့တာဝန်လေးချက် စာမျက်နှာ ၃ (ဃ)မှာ အစိုးရဌာနရဲ့ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်မှုရှိ/မရှိ စောင့်ကြည့်ထိန်းညှိကူညီရမည်လို့ ပါရှိထားပါတယ်။ ကျွန်တော့်အနေနဲ့ တောင်သူလယ်သမား၊ အလုပ်သမားရေးရာကော်မတီဥက္ကဋ္ဌ ယူစဉ်က ၂၇-၅-၂၀၁၆ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ပြန်လည်စိစစ်ရေးဗဟိုကော်မတီအစည်းအဝေး (၁/၂၀၁၆)ကို တက်ရောက် ဆွေးနွေးခဲ့ပါတယ်။ အဲဒီအစည်းအဝေးဆုံးဖြတ်ချက် ၂၁ ချက်ရှိပါတယ်။ အဲဒီ ၂၁ ချက်မှာ အဓိက အားဖြင့် (၁) ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုကော်မတီအဆင့်ဆင့်တွင် လွှတ်တော် ကိုယ်စားလှယ်ထည့်သွင်းဖွဲ့စည်းရန်ဆိုပြီးတော့ ဆုံးဖြတ်ထားပါတယ်။ (၂) ကော်မတီအဆင့်ဆင့်တွင် အများပြည်သူလေးစားကြည်ညိုသော တောင်သူလယ်သမားကိုယ်စားလှယ် စစ်စစ်သုံးဦးထည့်သွင်း

ဖွဲ့စည်းရန် ဆိုပြီးတော့ ဆုံးဖြတ်ခဲ့ပါတယ်။ (၃) မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုကော်မတီ အတွင်းရေးမှူးအဖြစ် ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌကိုလည်းကောင်း၊ လယ်ယာမြေ စီမံခန့်ခွဲရေးစာရင်းဦးစီးဌာနကိုယ်စားလှယ်အား အဖွဲ့ဝင်အဖြစ်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းရန် လယ်ယာမြေနှင့် အခြားမြေများပြန်လည်စိစစ်ရေးဗဟိုကော်မတီက ဆုံးဖြတ်ခဲ့သော်လည်း အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်အချို့မှာ မြေစာရင်းကို အဖွဲ့ဝင်အဖြစ် ထားရှိရမယ့်အစား အတွင်းရေးမှူးအဖြစ်ပေးထားကြောင်း လေ့လာတွေ့ရှိရပါတယ်။ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်မှုမရှိကြောင်း၊ တချို့တွေမှာ တောင်သူလယ်သမား ကိုယ်စားလှယ်များမဟုတ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ သို့ဖြစ်၍ ဒီကော်မတီကို တာဝန်ပေးထား တဲ့တာဝန်အရ အစိုးရရဲ့ဆောင်ရွက်ချက်၊ အစည်းအဝေးဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်မှုရှိ/မရှိ အုပ်ချုပ်ရေးဌာနရဲ့ အခြေအနေတွေကို စောင့်ကြည့်ထိန်းညှိဆောင်ရွက်သင့်ပါကြောင်း ဤကော်မတီ ကို အကြံပြုလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားအခွင့်အရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းပြီးဖြစ်သော်လည်း တောင်သူလယ်သမားကိုယ်စားလှယ် စစ်စစ်များ ရွေးချယ်နိုင်ရေးအတွက် ဤကော်မတီအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့်ပူးပေါင်းပြီးတော့ အကောင်အထည်ဖော်သင့်ကြောင်း အကြံပြုလိုပါတယ်။ ကော်မတီရဲ့ အဓိကတာဝန်လည်းဖြစ်တဲ့၊ အမည်လည်းဖြစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဆိုင်ရာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်ဟု ပါရှိထားပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ မဟာဗျူဟာနှင့်လုပ်ငန်းစဉ်များကို အနီးကပ်ပူးပေါင်း ရေးဆွဲ၊ အနီးကပ်လေ့လာစောင့်ကြည့်တည့်မတ်ပေးဖို့ အထူးတာဝန်ရှိနေပါတယ်။ အစိုးရဌာနနှင့် လွှတ်တော်၊ ဒီကော်မတီဟာ ပူးပေါင်းဆောင်ရွက်ဖို့အတွက် အထူးလိုပါတယ်။ သို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှာရှိတဲ့ တာဝန်ရှိသူများနှင့် အကြိမ်များများ တွေ့ဆုံဖို့ လိုပါတယ်။ ဖြစ်နိုင်လျှင် တစ်လတစ်ကြိမ် လုပ်ငန်းစဉ်အလိုက် ညှိနှိုင်းဆောင်ရွက်တည့်မတ်သင့် ကြောင်း အကြံပြုလိုပါတယ်။ ဒီကော်မတီဟာ ထုတ်လုပ်ရေးဖြစ်တဲ့အတွက် သီးနှံတစ်ဧက အထွက်နှုန်း တိုးရေး၊ သီးနှံအရည်အသွေးကောင်းမွန်ရေး၊ နည်းပညာပြန့်ပွားရေး၊ မျိုးကောင်းမျိုးသန့်ထုတ်လုပ် ရေး၊ နှစ်ရှည်နှစ်တို ချေးငွေရရှိရေး၊ အရည်အသွေးကောင်းမြေသြဇာအသုံးချရေး အစအစရှိတဲ့

ထုတ်လုပ်မှုကို ထောက်ပံ့စေတဲ့ လုပ်ငန်းစဉ်တွေကို စောင့်ကြည့်တည့်မတ်ပြီးတော့ ဆောင်ရွက်ဖို့ အထူးလိုပါတယ်လို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံအကြံပြုလိုပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဤကော်မတီရဲ့သုံးသပ်ချက်မှာ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုပြုလုပ်ခြင်းဖြင့် အကြံပြုချက်များရရှိနိုင်သလို ပြည်သူများရှိရာ အခြေခံနယ်မြေသို့ ကွင်းဆင်းဆောင်ရွက်လိုပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဆောင်ရွက်မှုများအား အားသာချက်၊ အားနည်းချက်များကို သုံးသပ်၍ အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်သွားမည်ဟု ပါရှိသည့်အတွက် ဒီသုံးသပ်ချက်ကိုလည်း ကျွန်တော် အထူးထောက်ခံပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဤကော်မတီဟာ အစိုးရဌာနရဲ့ လယ်ယာကဏ္ဍထုတ်လုပ်မှုမြင့်မားရေး၊ ကော်မတီလုပ်ငန်းများရဲ့ လယ်ယာကဏ္ဍထုတ်လုပ်မှုမြင့်မားရေး၊ တောင်သူလယ်သမားရဲ့ လယ်ယာကဏ္ဍထုတ်လုပ်မှုမြင့်မားရေးဖြစ်ပေါ်လာစေရန် အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်မှုများကို အနီးကပ်ကွင်းဆင်းလေ့လာ၍ ပိုမိုဆောင်ရွက်သင့်ပါကြောင်း အကြံပြုရင်း ကော်မတီရဲ့အစီရင်ခံစာကို ထောက်ခံအကြံပြုအပ်ပါတယ်။ အားလုံးကို လေးစားပါတယ်ခင်ဗျား။

## ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်ခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ယခု အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်ဦး(အတွင်းရေးမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး၊ အင်းစိန်မဲဆန္ဒနယ်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်ကော်မတီရဲ့ အစီရင်ခံစာအား ပဉ္စမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ (၂၁-၆-၂၀၁၇ ရက်နေ့)မှာ ပြည်သူ့လွှတ်တော်သို့ နှစ်ပတ်လည်အစီရင်ခံစာ တင်သွင်းခဲ့တဲ့အပေါ်မှာ ဒီနေ့ဆိုရင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး နှစ်ဦးကနေပြီးတော့ ထောက်ခံအကြံပြုဆွေးနွေးသွားတဲ့အတွက် အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ ပြည်သူ့လွှတ်တော်သို့ တင်သွင်းသော နှစ်ပတ်လည်အစီရင်ခံစာကို ပြည်သူ့လွှတ်တော်ကြီးမှတစ်ဆင့် အတည်ပြုပေးနိုင်ပါရန် လေးလေးစားစား တင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်ခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသော ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ၂၃-၆-၂၀၁၇ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ

၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံဖြန့်ဝေခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၇-၆-၂၀၁၇ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ ကိုယ်စားလှယ်နှစ်ဦးက အမည်စာရင်းတင်သွင်းလာပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက်(၁၉)ချက်ကိုသဘောတူသင့်ကြောင်းနှင့် (၁၃)ချက်နှင့်စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်း တင်ပြလာပါတယ်။ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် (၁၉)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့စိစစ်ချက်ကို တင်ပြသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့လာသော ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ဖြစ်တဲ့ ၃-၂-၂၀၁၇ ရက်နေ့မှာ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှ ၁၆-၆-၂၀၁၇ ရက်နေ့၌ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ဖြစ်သည့် ၂၃-၆-၂၀၁၇ ရက်(သောကြာနေ့)တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၂၇-၆-၂၀၁၇ ရက်(အင်္ဂါနေ့)နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် ဦးတင်ကိုကိုဦး၊ ဘီးလင်းမဲဆန္ဒနယ်နှင့် ဦးဇာနည်မင်း၊ ရွှေကူမဲဆန္ဒနယ်တို့မှ ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော် လျှပ်စစ်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၂၉-၆-၂၀၁၇ ရက်(ကြာသပတေးနေ့)မှာ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့သည့်အချက်များအနက်မှ အောက်ဖော်ပြပါအချက် (၁၉)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံဖြန့်ဝေထားပြီးဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့သည့်အချက်များနက် အောက်ဖော်ပြပါအချက်(၁၉)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၂ | ၁ မှ ၃ | ဥပဒေခေါင်းစီး၊ အပိုဒ် ၂ အပိုဒ်ခွဲ(ထ)၊ အပိုဒ်ခွဲ(ဒ) |
| (ခ) | ၄ မှ ၇ | ၁၀၊ ၁၂ မှ ၁၇ | အပိုဒ် ၅ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၂ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၃ |

**မူကြမ်း**

| | | | |
|---|---|---|---|
| (ဂ) | ၈ မှ ၉ | ၁၈ မှ ၁၉ | အပိုဒ် ၂၄၊ အပိုဒ် ၂၅ အပိုဒ်ခွဲ(က) |
| (ဃ) | ၁၀ မှ ၁၁ | ၂၃ မှ ၂၆ | အပိုဒ် ၂၉ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(င)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၃၇ |
| (င) | ၁၄ မှ ၁၆ | ၂၇၊ ၃၀ မှ ၃၂ | အပိုဒ် ၃၈၊ အပိုဒ် ၄၂၊ အပိုဒ် ၅၃ |

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် ၁၉ ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်(၁၉)ချက်ကို အတည်ပြုရန်လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်း ကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့ အချက်(၁၉)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူကြောင်းနှင့် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက် (၅)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူ ဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန် တင်ပြချက်(၅)ချက် ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန် တင်ပြချက်(၅)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**မူကြမ်း**

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၂ မှ ၃ | ၄ မှ ၅ | အသစ်ဖြည့်စွက်ချက် အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)ကို ပယ်ဖျက်ခြင်း၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၃ အပိုဒ်ခွဲ(ဆ)ကို ပယ်ဖျက်ခြင်း |
| (ခ) | ၉ မှ ၁၀ | ၂၀ မှ ၂၂ | အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈ |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်က ထပ်မံပြင်ဆင်ရန်တင်ပြချက်(၅)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက်(၅)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အတိုင်း သဘောမတူဘဲ ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက်(၅)ချက်ကို သဘောမတူဘဲ ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက်အတိုင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ် သဘောမတူတဲ့အချက်(၈)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း သဘောတူညီသည့် အချက်(၈)ချက်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

**မူကြမ်း**

အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူညီသည့် အချက်(၈)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၃ | ၆ မှ ၉ | အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၁၀ ခြေဆင်း၊ အပိုဒ် ၁၀ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၀ အပိုဒ်ခွဲ(င) |
| (ခ) | ၄ | ၁၁ | အပိုဒ် ၅ အပိုဒ်ခွဲ(င) |
| (ဂ) | ၁၅ | ၂၈ မှ ၃၀ | အပိုဒ် ၃၉ ခြေဆင်း၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁ |

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆက်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏အတည်ပြုချက်အတိုင်းထားရှိမည့် အချက်(၈)ချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်(၈)ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့ယခင်အတည်ပြုထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်(၈)ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့ယခင်အတည်ပြုချက်အတိုင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ရေနံနှင့်ရေနံထွက် ပစ္စည်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စု**

**မူကြမ်း**

## လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသော ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် (၁၃)ချက်ကို သဘောမတူကြောင်း လွှတ်တော်က အတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က) အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(ပြည်ကြီးတံခွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပြည်ထောင်စုဝန်ကြီးနှင့် ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီရဲ့အတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက တင်သွင်းသော ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး၏ တတိယနေ့ဖြစ်တဲ့ ၃-၂-၂၀၁၇ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှ ၁၆-၆-၂၀၁၇ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၏အတည်ပြုချက်များအပေါ် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာသည့် ပြင်ဆင်ချက်များအနက် ထပ်မံပြင်ဆင်ရန်တင်ပြချက် (၅)ချက်နှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏အတည်ပြုချက်အတိုင်း ထားရှိမည့် အချက်(၈)ချက် စုစုပေါင်း အချက်(၁၃)ချက်တို့သည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲခဲ့ကြပါတယ်။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲတဲ့ အချက်(၁၃)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍

အဆုံးအဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(ထန်းတပင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာသော ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်သို့ သဘောကွဲလွဲသည့် သဘောထားကွဲလွဲချက် စုစုပေါင်း(၁၃)ချက်ကို ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလင်းက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆုံးဖြတ်ရယူသင့်ကြောင်းကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ တင်သွင်းလာသော အဆိုအား ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ကျွန်တော် ဦးနေမျိုးထွန်းက အလေးအနက်ထောက်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ (၁၃)ချက်နှင့်ပတ်သက်၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာတွင် သဘောကွဲလွဲသည့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်(၁၃)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)နှင့် (ခ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၁၁း၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့
# (၃.၇.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
# ပုဂ္ဂိုလ်များ



ဦးမြင့်ဝေ
(ဂွ မဲဆန္ဒနယ်)



ဦးသန်းစိုး
(သာစည် မဲဆန္ဒနယ်)



ဒေါ်ချိုချို
(အုတ်တွင်း မဲဆန္ဒနယ်)



ဦးသိန်းထွန်း
(သာပေါင်း မဲဆန္ဒနယ်)



ဦးဦးထွန်းဝင်း
(ကျောက်တော် မဲဆန္ဒနယ်)



ဒေါ်မိကွန်ချမ်း
(ပေါင် မဲဆန္ဒနယ်)



ဒေါ်ခင်စောဝေ
(ရသေ့တောင် မဲဆန္ဒနယ်)



ဦးသက်လွင်(ခ)ဦးပေါခင်
(မြင်းခြံ မဲဆန္ဒနယ်)



ဦးလှကျော် (ဒုဝန်ကြီး)
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန



ဒေါက်တာထွန်းနိုင် (ဒုဝန်ကြီး)
လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်